မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သောအဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၉

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta(PVSM, AVSM, ADC) နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး ဒေါ်အေးအေး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြု

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်သည်တော်အိန္ဒိယရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ ဂုဏ်ပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

စာမျက်နှာ ၉ ကော်လံ ၄

ကြိုဆိုနှုတ်ဆက်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta(PVSM, AVSM, ADC) အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta(PVSM, AVSM, ADC) တို့ ဂုဏ်ပြုတပ်ဖွဲ့ ကို စစ်ဆေးကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

သတင်း ဆောင်းပါးနှင့် အားကစားအညွှန်း

မြန်မာနိုင်ငံသို့ မကြာမီ မုတ်သုံဝင်ရောက်မည် မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်း၌ မိုးရေချိန်ပြည့်ရွာသွန်းမည် ရန်ကုန်မြို့ မိုးရေချိန် စံချိန်သစ်တင် ရွာသွန်းခဲ့

"ဒီနှစ် မိုးရာသီမှာ မုန်တိုင်းဖြစ်ပေါ်မှု ပျမ်းမျှအောက်နည်းမယ့်နှစ်ပဲ ဖြစ်ပါတယ်။ အခုမေလမှာ တစ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီးပြီဆိုတော့ လာမယ့် စက်တင်ဘာမှာ မုန်တိုင်း နောက်တစ်ကြိမ် ဝင်ရောက်နိုင်ပါတယ်။ လာမယ့် အောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ အနည်းဆုံးတစ်ကြိမ်စီလောက်တော့ မုန်တိုင်းဖြစ်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်"

ဦးထွန်းလွင် ညွှန်ကြားရေးမှူးချုပ်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
(ကျော်ပုံနှင့် စာ-၉)

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ

ရီးရဲမက်ဒရစ်၏ ဖလားရရှိရေးကြိုးပမ်းမှု ဘာစီလိုနာအသင်းတိုက်စစ်မှူး အီတိုးကြိုဆို



ဘာစီလိုနာ တိုက်စစ်မှူး အီတိုး။

ကမ္ဘာ့တစ်လွှား အားကစား(စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

10-5 (01) 1 5/9/07, 12:56 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၀ ရက်)

နိုင်ငံနှင့်စိုက်ပျိုးသူ အကျိုးဖြစ်ထွန်းစေမည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာတိုးချဲ့စိုက်ပျိုး

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိရာ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းပြည့်မီရန် ကြိုးပမ်း စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် ဒေသနှင့်ကိုက်ညီသည့် အဓိကသီးနှံ ၁၀ မျိုးအပြင် စက်မှုကုန်ကြမ်းသီးနှံရော်ဘာကိုလည်း လျာထားချက်နှင့်အညီ စိုက်ပျိုးလျက်ရှိသည်။ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်တွင် သုံးနှစ်အတွင်း ရော်ဘာဧက ၁၀၀၀၀ ပြည့်မီရေး စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးပြီးဧက ၂၀၀ မှာလည်း အစေးခြစ်၍ ရော်ဘာပြားများ ထုတ်လုပ်လျက်ရှိသည်။

စက်မှုနည်းပညာ တိုးတက်ထွန်းကားလာသဖြင့် ရော်ဘာကို မော်တော်ကားတာယာများ၊ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ဖိနပ်လုပ်ငန်းများ စသည်တို့တွင် တွင်ကျယ်စွာ အသုံးပြုလာကြသည်။

ရော်ဘာစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးများစိုက်ပျိုးပြီး နည်းစနစ်တကျ အစေးခြစ်မည်ဆိုပါက အထွက်နှုန်းမြင့်မားလာမည် ဖြစ်သည်။ ရော်ဘာသည် ပြည်ပမှ ဝယ်လိုအားမြင့်မားနေမှုကြောင့် ယခုထက် တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် ရော်ဘာစိုက်ပျိုးနိုင်သည့် အခြေအနေကောင်းများရှိရာ စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာမည့်အပြင် နိုင်ငံခြားဝင်ငွေများလည်း တိုးတက်ရရှိနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ရော်ဘာကို နိုင်ငံတစ်ဝန်း တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် နိုင်ငံအတွက်သာမက စိုက်ပျိုးသူများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်၍ စက်မှုကုန်ကြမ်းရော်ဘာကို အားသွန်ခွန်စိုက် ပိုမိုတိုးချဲ့ စိုက်ပျိုးသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းလမ်း မ တော် မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၉၁)နေ ဦးကျော်ညွန့်-ဒေါ် အေး မြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက် ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်နိုင်ငံ ငါးလုပ်ငန်းဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးရန် ဗီယက်နမ်နိုင်ငံ ငါးလုပ်ငန်းဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ta Quang Ngoc နှင့်ဇနီး Mrs. Luong Thanh Chau တို့ခေါင်းဆောင်သော အဖွဲ့ဝင်ခုနစ်ဦးပါဝင်သည့်အဖွဲ့သည် မေ၆ရက် ညနေ၅နာရီက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့်ဇနီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လေ့လာကြမည်

ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ် အတွင်း နှစ်နိုင်ငံငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများ ဆွေးနွေးခြင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခြင်းနှင့် ငါးမွေးမြူရေးနှင့်ငါးလုပ်ငန်းဆိုင်ရာများကို လေ့လာကြမည် ဖြစ်သည်။

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့အား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှုးယစ်ကင်းစင်
အလှဆင်

မြဝတီရုပ်မြင်သံကြား

၁၀-၅-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- ၅:၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** အပိုင်း(၁၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၂၆)

စက်မှုညွှန်ကြားရေးဦးစီးဌာန ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်းဆင်း ဝန်ကြီး ဦးအောင်သောင်း အမှာစကားပြောကြား၊ ဆုများချီးမြှင့်

နေပြည်တော် မေ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၇ ရက်က နေပြည်တော်ရှိ စက်မှု ညွှန်ကြားရေး ဦးစီးဌာနက ကျင်းပသော ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၇) (နေပြည်တော်) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

ဆုများချီးမြှင့်

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် ပထမဆုရ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)မှ လက်ထောက်မန်နေဂျာ ဒေါ်နေဇာလှိုင်၊ ဒုတိယဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဦးစီးဌာနမှူး ဒေါ်သီရိထွန်း၊ တတိယဆုရ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း(ရုံးချုပ်)မှ စာရင်းကိုင်(၁) ဒေါ်နှင်းမိုးဆန်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံဝန်ထမ်းလောင်း (ဇေယျ) သင်တန်း အမှတ်စဉ်(၂၀)တွင် ပထမဆုရရှိသူ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၃) စက္ကူစက်ရုံ(ပလိပ်)မှ အလုပ်ရုံခွဲမှူး ဦးမြင့်သိန်းထွန်းတို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်တစ်ဦးအား ပေးအပ်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၉ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ယာဉ်များနှင့် ရေပြင်အသက်ကယ်လှေကျင့်ရေးကန် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မေ ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာနသို့ သွားရောက်၍ မီးသတ်ဦးစီးဌာန(အလုပ်ရုံ)တွင် မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာအရာရှိများ တီထွင်တည်ဆောက်လျက်ရှိသည့် မီးသတ်ယာဉ်များနှင့် စက်ပစ္စည်းများ၊ မီးသတ်ဦးစီးဌာနဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသည့် ရေပြင်အသက်ကယ်လှေကျင့်ရေးကန်တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် အရာရှိကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့် ကလေးသူငယ်ဆိုင်ရာ ကင်ဆာရောဂါရှာဖွေကုသခြင်း ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၉

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့် ကလေးသူငယ်ဆိုင်ရာ ကင်ဆာရောဂါများ ရှာဖွေကုသခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ဆေးပဒေသာပင်လှူဒါန်းခြင်း အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပြုလွှာလက်ခံ

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်မူထံမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၀၀၀ ကို လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကင်ဆာရောဂါရှာဖွေကုသရေး ဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၏ ဇနီး ဒေါ်မာမာဝေမိသားစုက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသည့် ငွေကျပ်တစ်သိန်းတို့ကို ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စေတနာရှင် အလှူရှင်များဖြစ်ကြသော ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေမိသားစု (ထွန်းရွှေဝါ ဆေးတိုက်)က ငွေကျပ်နှစ်သိန်း၊ ဒဂုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဦးရဲမြင့်(ရွှေသမင်ဆေးတိုက်)၊ ဦးသက်လွင် (ရွှေဂုံတိုင်ဟိုတယ်)၊ ဒေါက်တာမြတ်သူ (အာရှတော်ဝင် အထူးကုဆေးခန်း)၊ ဦးအားချစ် (LANCOME အလှပြုပြင်ရေး)၊ ဦးကျော်ညွန့်-ဒေါ်မြမြဝင်း (ကျော်ညွန့်နှင့်ညီများ သံထည် အိမ်ဆောက်ပစ္စည်း၊ ဘိလပ်မြေရောင်းဝယ်ရေး)၊ ဦးဇော်သိန်း (CCG ဆောက်လုပ်ရေး)၊ ဒေါ်စိန်စိန်မြင့်၊ ဦးခင်အောင်ဇော် (အကယ်ဒမီ စားသောက်ဆိုင်)၊ ဦးဝင်းလှိုင်နှင့်အဖွဲ့၊ ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းရှင်များ၊ ဦးငြိမ်း-ဒေါ်အုံးကျင် (OK ပဲမျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်သန်းနု (ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ (အဖွဲ့ဝင်)၊ သမားတော်ကြီး ဦးလှဋ္ဌေး-သီရိသုဓမ္မသင်္ဂီ ဒေါ်တင်နွယ်ဦး(မုန်ချိုဆေးတိုက်) မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးကျင်ခဲ-ဒေါ်စန်းကြည် (ရွှေလီရတနာရွှေဆိုင်)နှင့်ဒေါ်ကြင် (လပ်ကီးတိုင်စင်ရတနာရွှေဆိုင်)တို့က ငွေကျပ်ငါးသောင်းစီဖြင့် စုစုပေါင်း အလှူငွေကျပ် ၁၇ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးနှင့် ကလေးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်တို့က လက်ခံကြသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့် ကလေးသူငယ်ဆိုင်ရာကင်ဆာရောဂါများ ရှာဖွေကုသခြင်း ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ဆေးပဒေသာပင် လှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာပေးဟောပြော

ယင်းနောက် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ တွဲဖက်ပါမောက္ခ ဒေါက်တာလှမင်းက အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများ၊ သားအိမ်ကင်ဆာနှင့် ရင်သားကင်ဆာရောဂါများနှင့် ပတ်သက်၍ လည်းကောင်း၊ ကလေးဆေးရုံကြီး(ရန်ကုန်)မှ ကလေးကင်ဆာ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြမြအေးက ကလေးကင်ဆာရောဂါအကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်)အတွင်း ပြသထားသည့် အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါနှင့် ကလေးကင်ဆာရောဂါကုသခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ကင်ဆာရောဂါရှိ/မရှိ ရောဂါရှာဖွေစမ်းသပ်ကုသပေးနေမှု၊ ရောဂါရှာဖွေစမ်းသပ်မှုခံယူလျက်ရှိသည့် အမျိုးသမီးများနှင့် ကလေးငယ်များအား လိုက်လံကြည့်ရှုအားပေးကြပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

(သတင်းစဉ်)

ရွှေသံလွင်အထူးတရားပွဲ

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း လသာမြို့နယ် လသာလမ်း(ကျုံးကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)တွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းနှင့် အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)မှ ရွှေသံလွင်အထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ မေ ၁၀ ရက်တွင် မဇ္ဈိမဂုဏ်ရည် ဒေါက်တာကောဝိဒ ဆရာတော်ကလည်းကောင်း၊ မေ ၁၁ ရက် ဆရာတော် အရှင်ရာဇိန္ဒ [ရဝေနွယ် (အင်းမ)]က လည်းကောင်း၊ မေ ၁၂ ရက်တွင် ကိုးဘွဲ့ဆရာတော် အရှင်အာဝရက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ရာ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း(ကလော)၊ ဝင့်ဝါထွန်း(ဂန္ဓဝင်ကုန်း)၊ မြသင်္ဂီ၊ လှည်းတန်းလမ်း ကိုတင့်၊ ခွန်နေဒူး(သနီမြေ)၊ တမ္ပဝတီကိုရင်ပြား၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မင်းနိုင်လေး (လမ်းမတော်)၊ ကျော်စွာသူ(သာယာဝတီ)၊ ပွင့်မွှန်မွှန်သိမ်းတို့၏ အဖွင့်ကဗျာများ။ စောမုံညင်း၊ မြင့်သိန်းအောင်၊ မောင်ညိုဝင်း၊ ကိုရွှေအောင်သင်း၊ မော်ထွန်းအောင်၊ ပန်းတနော် နောင်လတ်၊ ပခုက္ကူဦးအုံးဖေ၊ မိုးသစ်(ကချင်မြေ)၊ ပြေအေး(မြင်းမူ)၊ ဒေါက်တာလှဖေ၊ သန်းဝင်းရှိန်၊ ကိုထွန်းထွန်း(သာယာဝတီ)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဖိုးသား(ဟိုပင်)၊ ထွန်းညို(စကု)၊ တက္ကသိုလ်စိုးယဉ်၊ နော်ရထာဝင်း၊ မောင်ဉာဏ်လင်း(တောင်ကုတ်)၊ ကျောက်နီဘုန်းလှိုင်၊ သန်းလွင်(ရပ်စောက်)၊ မိုးအောင်(ကချင်မြေ)တို့၏ ဆောင်းပါးများ။ သက္က(ခေတ္တရာ)၊ ဦးစံတင်အောင်(ရွှေဘို)၊ မနွယ်(ကလော)၊ မကျည်းတန်(လှိုင်ကော်)၊ တက္ကသိုလ် ဟန်စိန်၊ သန့်စင်လတ်(ပညာရေး)၊ နန္ဒာခင်(သက္ကလမြေ)၊ ရွှေမိုးဥ၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို ဝတ္ထုရှည်များ။ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ရည်စာပေတိုက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြစ်ဒဏ်ကျအကျဉ်းသားများနှင့်အချုပ်သားများသောက်သုံးရန် မြောင်းမြအကျဉ်းထောင် သောက်ရေသန့်စက်ရုံ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၉

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မြောင်းမြ အကျဉ်းထောင် သောက်ရေသန့်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက အဆိုပါအကျဉ်းထောင်၌ ကျင်းပရာ ရှေးဦးစွာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ကမ္ဘာကျော်ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစံငြိမ်း(မြောင်းမြ)က ငွေကျပ်တစ်ရာကိုးဆယ့်နှစ်သိန်းကျော် အကုန်အကျခံကာ မြောင်းမြအကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျအကျဉ်းသားများနှင့် အချုပ်သားများ သောက်သုံးရန် အဆင့်မီသောက်ရေသန့်စက်ရုံ ဆောက်လုပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

လုံလောက်စွာဖြန့်ဝေပေး

မြောင်းမြ အကျဉ်းထောင်ကို ၁၉၉၀ ပြည့်နှစ်က တည်ဆောက်ခဲ့ရာ နှစ်တစ်ရာကျော်အတွင်း ရေတွင်းမှ ရေကိုသာ သောက်သုံးရေအဖြစ် အသုံးပြုခဲ့ရပြီး ယနေ့မှစတင်၍ အဆင့်မီစက်ကိရိယာများဖြင့် သန့်စင်ထုတ်လုပ်သည့် ရေသန့်များဖြင့် အကျဉ်းထောင်အတွင်းသို့ လုံလောက်စွာ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်းမြ အကျဉ်းထောင် ရေသန့်စက်ရုံကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် အလှူရှင် ဦးစံငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်)မြင့်မြေ (၃)

ရတနာစည် ဆရာတော်
(လွိုင်လင်)

မီးလုံးလေလား မီးခွက်လား

ပန်းထောင်ပွင့်ဝေ အမှတ်(၃)၌ အဦးဆုံးလေ့လာမည့်ပန်းမှာ လျှပ်စစ်ပန်းဖြစ်ပါ၏။ ယင်းနှင့်စပ်လျဉ်း၍ ၁၉၈၇ခုနှစ်က လွိုင်လင်မြို့ ဈေးဝင်ပေါက်အနီး အလှထွန်း လျှပ်စစ်မီးလုံး၏ ထိုစဉ်ဖြစ်ရပ် အတိတ်ဓာတ်တစ်ခုကို သမင်လည်ပြန် ရှုကြည့်ကြပါဦးစို့။

ထိုစဉ် ၁၉၈၇ခုနှစ်က လွိုင်လင်ဈေးသည် ယခုလို အုတ်ပတ်ကားဆိုင်ခန်းများ မရှိလေသေး။ ခပ်ယိုင်ယိုင် ထင်းရှူးတိုင်များနှင့် ခပ်ပေါပေါ ထင်းရှူးပျဉ်များဖြင့်သာ ပုဂ္ဂလိကတစ်နိုင် ဆောက်လုပ်ခင်းကျင်းသော သပ်ရပ်ခြင်းမဲ့ ဈေးသာဖြစ်ခဲ့၏။ ထိုဈေးဝင်ပေါက်၌ ထိုစဉ်က လူတစ်ရပ်ကျော် တိုင်နှစ်လုံးစိုက်၍ တိုင်ထိပ်ပေါ်မှာ လျှပ်စစ်မီးလုံး နှစ်လုံးထွန်းထားကြသည်ဟူ၏။ လျှပ်စစ်မီးမှာ ဓာတ်အားပေး စက်မောင်း၍ ဖြန့်ခြင်းဖြစ်သောကြောင့် ယေဘုယျအားဖြင့် ညနေ ၆နာရီမှ ည ၉နာရီအထိသာ လျှပ်စစ်မီး အလင်းရရှိ၏။

တစ်ညနေတွင် ကျေးလက်ရွာတစ်ရွာမှ ရွာသားတစ်ဦး လွိုင်လင်မြို့ပေါ်ရောက်လာခိုက် ဟိုဟိုသည်သည် လှည့်လည်ကြည့်ရှုရင်း အမှောင်သန်းလာသောအခါ လမ်းမီးများလင်းလာသည်ကို ကြည့်နေစဉ် ဈေးရှေ့ လူတစ်ရပ်ကျော် တိုင်နှစ်လုံးပေါ်၌ လင်းလာသော မီးလုံးနှစ်လုံးဆီ မျက်စိရောက်သွားသော် “ဟာ…ဒီမီးတိုင် နှစ်တိုင်က တယ်ဟုတ်ပါလား။ ဆေးလိပ်သောက်ချင်ရင် ဆေးလိပ်မီးတို့လို့ရအောင် တိုင်ထိပ်မှာ မီးခွက် ထွန်းထားပေးထားတာကိုး”ဟု တွေးမိပြီး လျှပ်စစ်မီးလုံးကို ရေနံဆီမီးခွက် ထင်လျက် သူ့အိတ်ထဲမှ ဆေးပေါ့လိပ်ထုတ်ကာ ထိုမီးလုံးဆီ အရောက်သွား၍ ဆေးလိပ်မီး တို့မိ၊ ညှိမိပါသတဲ့။

ဝပ်(၅၀) လျှပ်စစ်မီးလုံးအလင်းကို ရေနံဆီမီးခွက်အလင်းဟု အထင်မှားလောက်အောင် ထိုကာလများတုန်းက လျှပ်စစ်စွမ်းအား အားနည်းခဲ့ပုံ တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါသည်။

၁၉၈၈ခုနှစ်အထိ ရှမ်းပြည်နယ်(တောင်၊မြောက်၊အရှေ့) တစ်ခုလုံး သုံးစွဲခဲ့ရသည့် လျှပ်စစ်ဓာတ်အား ပမာဏမှာ ၂၄မဂ္ဂါဝပ်ခန့်မျှသာ ဖြစ်ခဲ့သောကြောင့် လွိုင်လင်ဈေးရှေ့ မီးလုံးလေလား မီးခွက်လား ဖြစ်ရပ်မျိုးမှာ အဆန်းတကြယ်တော့ မဟုတ်ခဲ့ပါပြီ။

မျက်စိစူးမယ် သတိထား

ယနေ့ တပ်မတော်အစိုးရ လက်ထက်တွင်ကား ယခင်ကာလများထက် ၁၂ဆအထိ တိုးတက်သုံးစွဲနိုင်အောင် အကောင်အထည်ဖော်ကြိုးပမ်းပေးထားနိုင်လေပြီ။ ၁၉၈၈ခုနှစ်အထိ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုမှာ ယူနစ်(သန်း)၂၄ဒသမ၂၈၅ဖြစ်ခဲ့ပြီး ယခု၂၀၀၇ခုနှစ် နှစ်စအထိ တိုးတက်သုံးစွဲလာနိုင်သော လျှပ်စစ်ဓာတ်အား ပမာဏမှာ ယူနစ်(သန်း)၃၀၁ဒသမ၄၆ ဖြစ်လာလေပြီ။ ရှမ်းပြည်နယ်တစ်ခုလုံး နှိုင်းယှဉ်ချက် ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် ယနေ့တပ်မတော်အစိုးရလက်ထက် လွိုင်လင်ဈေးရှေ့ ဖြစ်ရပ်မျိုး လုံးဝချုပ်ငြိမ်းသွားသည့်အပြင် လွိုင်လင်မြို့မှာ ကံကောင်းထောက်မစွာ တပ်မတော်အစိုးရ တည်ဆောက်ပေးသော ဇော်ဂျီရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်သည့် လျှပ်စစ်စွမ်းအား ၂၄နာရီပတ်လုံး (ယေဘုယျ)ရရှိသုံးစွဲနေသည်သာမက လျှပ်စစ်ဓာတ်အား ပြည့်ဝသည့် အတွက် ဝပ်(၅၀)မီးလုံးကို မျက်စိဖြင့် လျှပ်တစ်ပြက် စိုက်ကြည့်မိလျှင်ပင် **“မျက်စိစူးမယ်သတိထား”** ပြောကြားသတိပေးရမည့် အနေအထားသို့ ရောက်ရှိနေလေပြီ။

ရှမ်း(တောင်)၌ လက်ရှိပကတိ အနေအထားမှန်အရ တပ်မတော်အစိုးရ ဖော်ဆောင်ပေးသည့် ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂) ရေအားလျှပ်စစ်စက်ရုံ(အကြီးစား)များ၊ တပ်ကြီးနှင့်ကွန်ဟိန်း ရေအားလျှပ်စစ်စက်ရုံ (လတ်၊ငယ်)များ၊ တီကျစ် ကျောက်မီးသွေးသုံး လျှပ်စစ်များကြောင့် ၁၉၈၈ခုနှစ်ကထက် ဆတက်ကဲသာ အလင်းဖြာ ဝင်းဝါတောက်ပနေပါတော့သည်။

ယင်းအပြင် လက်လှမ်းမီ အနာဂတ်ကာလအတွင်း၌ပင် နောက်ထပ်အဆထောင်သောင်းမက သုံးစွဲနိုင်အောင် လျှပ်စစ်ဓာတ်အားစီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ပေးလျက်ရှိသည့် တပ်မတော်အစိုးရ၏ စေတနာအလင်းက လမင်းတစ်ရာ သာသောအလားထင်ရှားစွာ ထွန်းတင့်လျက်ရှိသည်။ ၁၈-၄-၂၀၀၇ ရက်တွင် ရှမ်း(မြောက်) နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇မိုင်အကွာ ရွှေလီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းသို့ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ လမ်းညွှန်ပေးခဲ့ခြင်းက စေတနာအလင်းကို ထင်းထင်းထင် ပေါ်လွင်စေခဲ့ပြီ။

ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ထုတ်ယူရရှိမည်ဖြစ်ပြီး စီမံကိန်း၏ ၅၁ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိလာသလို မိုးမိတ်မြို့နယ်အတွင်း ရွှေလီမြစ်ပေါ်၌ မဂ္ဂါဝပ်၄၆၀ ထုတ်ယူသုံးစွဲနိုင်မည့် ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း၊ ယင်းရွှေလီမြစ်ပေါ်၌ပင် နောက်ထပ်မဂ္ဂါဝပ်၃၆၀ ထုတ်ယူသုံးစွဲနိုင်မည့် ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်းတို့ကိုပါ ဆက်လက် ဆက်တိုက် အကောင်အထည်ဖော်သွားမည်ဖြစ်၏။

ထို့အတူ ရှမ်း(တောင်)၌လည်း လွိုင်လင်ခရိုင်၊ ကျိုင်းတောင်းမြို့အနီး ကျိုင်းတောင်းရေတံခွန် အောက်ခြေ မလှမ်းမကမ်းဝယ် လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ် ထုတ်ယူသုံးစွဲနိုင်မည့် ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းနှင့် အထူးအားဖြင့် မိုင်းပန်မြို့အရှေ့ဘက် သံလွင်မြစ်ကိုဖြတ်လျက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၁၁၀ထုတ်ယူသုံးစွဲနိုင်မည့် သံလွင်(တာဆန်း) မဟာရေအားလျှပ်စစ်စီမံကိန်းကြီး စသည်တို့ကလည်း တောင်တန်း မြေပြန့် ပြည်အနှံ့အလင်းဖြန့်တော့မည် ဖြစ်ပါသည်။

ပညာအလင်းပန်း စွင့်စွင့်လန်း

ဖော်ပြပါအတိုင်း လျှပ်စစ်စွမ်းအားအလင်းဟု ဆိုအပ်သော ဗဟိဒ္ဓအလင်းများနှင့်အတူ ပညာစွမ်းအား အလင်းဟုဆိုအပ်သော အဇ္ဈတ္တအလင်းပန်း လန်းဆန်းစွင့်ကားနေပုံအဖြစ် ပညာခေတ်၏စိန်ခေါ်မှုကို ရဲရင့်စွာရင်ဆိုင် အောင်မြင်ခြင်းဆုပ်ကိုင်နိုင်ဖို့ တပ်မတော်အစိုးရက ရှမ်းပြည်နယ်အတွက် ပညာရေးကဏ္ဍ တိုးမြှင့်ဖြည့်ဆည်းပေးနေသည့်အတိုင်း ၁၉၈၈ ခုနှစ်ကထက် ယနေ့အခါဝယ် အခြေခံပညာကျောင်းသူကျောင်းသားပေါင်း နှစ်ဆနီးပါးမျှတိုးပွားလာသလို သူငယ်တန်းကျောင်းဝင်နှုန်းအားဖြင့် ၂၈၉ ဒသမ ၁၈ ရာခိုင်နှုန်း၊ သက်ကြီးစာတတ်မြောက်မှုနှုန်းအားဖြင့် ၂၁၆ဒသမ၈၅ရာခိုင်နှုန်းအထိ မြင့်တက်လာလျက်ရှိနေလေပြီ။

ရှမ်းပြည်နယ်၌ ယခင် ၁၉၈၈ခုနှစ်အထိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တစ်ခုမျှ မထူထောင်နိုင်ခဲ့ဘဲ ယခုတပ်မတော်အစိုးရလက်ထက် ရောက်လာမှသာ တက္ကသိုလ်ကြီးနှစ်ခု၊ ဒီဂရီကောလိပ်တစ်ခု တည်ထောင်ပေးနိုင်ပြီး ကျောင်းသူကျောင်းသားပေါင်း နှစ်သောင်းကျော်တို့ ရွှင်ပျော်စွာ အဆင့်မြင့် ပညာများကို သင်ယူနေကြလေပြီ။ သိပ္ပံနည်းပညာကဏ္ဍ၌လည်း ရှမ်းပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးရေးဒေသကြီး လေးခုအထိ တည်ထောင်ပေးလျက် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ကွက်ပြည့် ဖွင့်လှစ်ပေးထားသဖြင့် ရှမ်း(တောင်)ဝယ် တောင်ကြီးဖွံ့ဖြိုးရေးဒေသကြီးနှင့် ပင်လုံဖွံ့ဖြိုးရေးဒေသကြီးတို့မှာ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်များ တစ်ခုစီဖွင့်လှစ်ပေးထားပြီးဖြစ်၍ သင်ယူသူများ (၂၀၀၅နှစ်ကုန် စာရင်းအရ) ၆၅၉၈ဦး ရှိနေလေပြီ။

ပညာသုတ ပန်းလှလှ

ယင်းနှစ်တစ်ပြိုင်တည်း ပညာသုတ ပန်းလှလှတို့ ဖူးကြပွင့်ကြ လန်းလန်းလွှအောင် စွမ်းဆောင် ကြိုးပမ်းလျက်ရှိသော ပြန်ကြားရေးဝန်ကြီးဌာန၏ သုတပန်းကွက် ဖော်မှုကလည်း မျှော်ရှုမအီရှိဘိ၏။ ကြည့်ပါ၊ ကျေးရွာတိုင်း၌ စာကြည့်တိုက်များတည်ရှိသော မြန်မာနိုင်ငံဟူ၍ ကမ္ဘာ့အလယ်မှာ ရှေးဦးစွာ အမှတ်(၁)နိုင်ငံအဖြစ် ထွန်းသစ်လာပြီ မဟုတ် ပါလော။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ နိုင်ငံသားများ ပညာရည်မြင့်မားရေး၊ ဉာဏ်ပညာ ထူးချွန်ထက်မြက်ရေး၊ အသိအမြင် ကြည်လင်နက်ရှိုင်းရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ အယူအဆမျှတရေး၊ ဆင်ခြင်တုံတရား ကြီးမားရေး၊ အကောင်းအဆိုး အကျိုးအပြစ်တို့ကို စိစစ်သုံးသပ် ဆုံးဖြတ်နိုင်ရေး၊ ခေတ်ကာလ ရေစီးကြောင်းထဲမှာ မျောမသွား၊ မြုပ်မသွားမှုဘဲ ဘဝလှေကို ပြေပြေလျောလျော ချောချော မွေ့မွေ့ ညင်ညင်သာသာ ပဲ့ကိုင်တတ်ရေးတို့သည် ပြည်သူများကိုယ်တိုင်က မြတ်မြတ်နိုးနိုး တန်ဖိုးထားနေရမည့် စိတ်အရည်အသွေးများ ဖြစ်ပါကုန်၏။ ယင်းစိတ်အရည်အသွေးများ အစဉ်အမြဲ တောက်ပ ဝင့်ဝဲနေစေရန် စိတ်အရောင်တင်ရပ်ဝန်းအဖြစ် စာကြည့်တိုက်များဖွင့်လှစ်ခဲ့ရာ ၂၀၀၇ခုနှစ် မတ်လ ၃၁ရက်နေ့အထိ နိုင်ငံအဝန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက် ဖွင့်လှစ်နိုင်လေပြီ။

နိုင်ငံတော်၏အား၊ ဒေသခံတို့၏အားနှင့် စေတနာရှင်များ၏အား ဟူသော အားသုံးအား ပေါင်းစည်းမိသော အခါ နိုင်ငံနှင့်ချီ၍ စိတ်အရည်အသွေး ဖွေးဖွေးလက် တောက်ပစေမည့် စိတ်အရောင်တင် ရပ်ဝန်းများဖြစ်သည့် စာကြည့်တိုက်များ ပေါ်ထွန်းလာနိုင်ခြင်း ဖြစ်ပါသည်။

ရှမ်း(တောင်)၌ ၂-၄-၂၀၀၇ ရက်စွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှု အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယိုကက်ဆက်များ၊ စာအုပ်စာစောင်များ၊ အဆောက်အအုံများ ပေးအပ်ပွဲအခမ်းအနားကြီးကို တောင်ကြီးခရိုင် အေးသာယာမြို့ နည်းပညာတက္ကသိုလ်ခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ။

ယင်းအခမ်းအနားကြီးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီ။

ယင်းအခမ်းနားကြီးဝယ် အလှူရှင် စေတနာရှင်များက ပညာသုတ တိုးပွားရေး ရည်ညွှန်းလျက် ရုပ်သံဖမ်းစက် ၃၅လုံး၊ ရေဒီယို ၈၂လုံး၊ စာအုပ်စာစောင် အုပ်၅၄၂၀၊ အဆောက်အအုံ ၈၄လုံး၊ ဗွီစီဒီစက် ၁၈လုံးနှင့် မီးထိန်းစက် ၁၈လုံးအပါအဝင် အလှူငွေ၊ စာအုပ်စာစောင်၊ ပစ္စည်း၊ အဆောက်အအုံတို့ကို စေတနာသဒ္ဓါထက်သန်စွာ ပေးလှူကြသည်မှာ ငွေကြေးတန်ဖိုးအားဖြင့် ကျပ်သိန်းတစ်ထောင့်တစ်ရာ နှစ်ဆယ့်လေးသိန်း ခုနှစ်သောင်း သုံးထောင် ရှစ်ရာငါးဆယ် ဖြစ်ပါသည်။ ရှမ်း(တောင်)၌ ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်းမှာ ၃၀၈၇တိုက်ဖြစ်၍ ဆက်စပ်ဖော်ပြရလျှင် ရုပ်သံထပ်ဆင့်လွှင့် စက်ရုံ ၂၀ ဖွင့်လှစ်နိုင်ကာ စတုရန်းမိုင်ပေါင်း ၈၇၉၇ဒသမ၂၆မိုင်အထိ ဖြန့်ကြက် လွှမ်းခြုံ ထုတ်လွှင့်နိုင်ပြီး တောင်ကြီးမြို့၌ ကိုယ်ပွားသတင်းစာတိုက်တစ်တိုက် တည်ထောင်ပြီး ဖြစ်ပါသည်။

အသက်အရွယ်မရွေး စာကြည့်တိုက်သို့သွား သတင်းစာဖတ် စာအုပ်စာစောင်ဖတ်၊ ရုပ်သံကိုကြည့်၊ ရေဒီယိုနားဆင်၊ ကာလအလျဉ်ကို ဖြတ်သန်းရင်း ပညာပန်း၊ သုတပန်း၊ ပန်းအထွေထွေ ပွင့်လန်းဝေပြီး စိတ်အနေမြင့်မားစွာ ဘဝခရီးသွားနေကြရပါမည်။

ဤမျှဖြင့် ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်)မြင့်မြေ(၃)ကို နိဂုံးတန့်နားရင်း (၄)သို့ ဆက်သွားကြပါဦးစို့။ ။

ရှမ်းပြည်နယ်၌ ယခင် ၁၉၈၈ခုနှစ်အထိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တစ်ခုမျှ မထူထောင်နိုင်ခဲ့ဘဲ ယခု တပ်မတော်အစိုးရလက်ထက် ရောက်လာမှသာ တက္ကသိုလ်ကြီးနှစ်ခု၊ ဒီဂရီကောလိပ်တစ်ခု တည်ထောင်ပေးနိုင်ပြီး ကျောင်းသူကျောင်းသားပေါင်း နှစ်သောင်းကျော်တို့ ရွှင်ပျော်စွာ အဆင့်မြင့် ပညာများကို သင်ယူနေကြလေပြီ။

သိပ္ပံနည်းပညာကဏ္ဍ၌လည်း ရှမ်းပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးရေးဒေသကြီးလေးခုအထိ တည်ထောင်ပေးလျက် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ကွက်ပြည့် ဖွင့်လှစ်ပေးထားသဖြင့် ရှမ်း(တောင်)ဝယ် တောင်ကြီးဖွံ့ဖြိုးရေးဒေသကြီးနှင့် ပင်လုံဖွံ့ဖြိုးရေးဒေသကြီးတို့မှာ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ တစ်ခုစီဖွင့်လှစ်ပေးထားပြီးဖြစ်၍ သင်ယူသူများ (၂၀၀၅နှစ်ကုန် စာရင်းအရ) ၆၅၉၈ဦး ရှိနေလေပြီ။

10-5 (04) 1 5/9/07, 12:56 PM

မန္တလေးတိုင်း နွေစပါးထွန်တုံးပိတ် စိုက်ပျိုးပွဲကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြား
နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဧပြီ၂၅ရက် နံနက် ၉ နာရီက အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စုတွင် ကျင်းပသော မန္တလေးတိုင်း ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါးထွန်တုံးပိတ်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စု ကွင်းအမှတ်(၅၈၀)တွင် စိုက်ပျိုးထားသော ရွှေသွယ်ရင်မျိုးနွေစပါး (မျိုး) ယှဉ်ကွက် ၁၁ ဧကတွင် ယူရီးယား ဓာတ်မြေဩဇာ၊ သဘာဝနွားချေးမြေဩဇာ ကြဲပက်နေမှု၊ ပေါင်းရှင်းနေမှု၊ သမန်းနှိုးနေမှု၊ ပိုးသတ်ဆေး ပက်ဖျန်းနေမှု၊ ဇီဝစူပါ ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နွားချေးနှင့် ဓာတ်မြေဩဇာ (သုံးအချိုးတစ်)ရောနှောထားသော သဘာဝမြေဩဇာကို ကြည့်ရှုစစ်ဆေးပြီး တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ကြင်က ရှင်းလင်းတင်ပြရာ တိုင်းမှူးက နွေစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သတ်မှတ်ထားသော ဓာတ်မြေဩဇာ သုံးစွဲရေးနှင့် ရေစနစ်တကျ သုံးစွဲရေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မန္တလေးခရိုင်အတွင်း နွေစပါးနှင့် နွေသီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ရေရရှိမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမြေစာရင်းဦးစီးမှူး ဦးချစ်ဆွေက နွေစပါးထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်သိန်းက နွေစပါးနှင့် နွေသီးနှံများအတွက် ဆည်ရေပေးဝေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်က တိုင်းအတွင်း နွေစပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရန် ဆောင်ရွက်မှု အခြေအနေအသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားရာတွင် မန္တလေးခရိုင်အတွင်း လူဦးရေနှင့် နွေစပါးစိုက်ဧက မျှတအောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ပုသိမ်ကြီးမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင်မှ လုံလောက်သော ရေရရှိအောင်ဆောင်ရွက်ပေးရန်နှင့် မြေပြင်ပြီးအကွက်များ သတ်မှတ်နှုန်းထားအတိုင်း အပြည့်အဝစိုက်ပျိုးသွားရန်၊ ဓာတ်မြေဩဇာနှင့်ရေ သတ်မှတ်ထားသည့်အတိုင်း ထုတ်ပေးမည်ဖြစ်ပြီး နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြေလွတ်များတွင် ရေသွင်းနှမ်းအဓိကစိုက်ပျိုးသွားရမည် ဖြစ်ကြောင်း၊ ရေသွင်းနှမ်းနောက်ကျစိုက်ပျိုးပါက မိုးစပါးစိုက်ပျိုးရာတွင် နှောင့်နှေးမှုရှိစေမည်ဖြစ်၍ ရေသွင်းနှမ်းကို နောက်မကျစေရေး တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းအတွင်း ယခုနှစ်မိုးများမှုကြောင့် မိုးစပါးသတ်မှတ်ဧက မပြည့်မီသဖြင့် နွေစပါး တိုးချဲ့စိုက်ပျိုးထားသကဲ့သို့ နှမ်းနှင့်ဝါကြီး စိုက်ပျိုးမှုသည်လည်း အရေးကြီးကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ကောက်စိုက်လုံမေများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ကျေးရွာအုပ်စု စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များသို့ ယူရီးယားဓာတ်မြေဩဇာအိတ်များ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ မန္တလေးတိုင်း ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါး ထွန်တုံးပိတ် စိုက်ပျိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မန္တလေးတိုင်းအတွင်းရှိ ခရိုင်အလိုက် ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါး စိုက်ပျိုးပြီးစီးမှုမှာ မန္တလေးခရိုင်တွင် ၃၅၅၁၇ဧက၊ ပြင်ဦးလွင်ခရိုင်တွင် ၄၉၁၀၃ဧက၊ ကျောက်ဆည်ခရိုင်တွင် ၇၄၉၀၆ဧက၊ မိတ္ထီလာခရိုင်၌ ၂၄၆၀၆ဧက၊ မြင်းခြံခရိုင်တွင် ၁၉၆၆၁ဧက၊ ညောင်ဦးခရိုင်တွင် ၂၁၃၆ဧက၊ ရမည်းသင်း ခရိုင်တွင် ၄၀၀၆ဧက၊ ပျဉ်းမနားခရိုင်တွင် ၃၀၁၆၅ဧကတို့ကို စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံး ပြိုင်ပွဲကို ၂၀၀၇ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော "Melting Ice-A Hot Topic?" **"ရေခဲတောင်များ တည်တံ့ရေး ထိပ်တန်းဦးစားပေး"**ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းသည် အရေးကြီးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဖြစ်ပျက်မှုများဖြစ်သည်။ စက်မှုမထွန်းကားမီကပင် ကမ္ဘာသည် ခန့်မှန်းခြေအားဖြင့် ဝဒသမ၇၅ ဒီဂရီစင်တီဂရိတ်ပူနွေးသည်။ ကမ္ဘာပေါ်တွင် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ များလာမှုတို့ကြောင့် ကမ္ဘာကြီးပူနွေးလာခဲ့ရာ နှစ်ပေါင်း ၁၂၅ နှစ်အတွင်း ၁၉၉၀ ပြည့်နှစ်သည် အပူရှိန် အများဆုံးနှစ်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ယခုရာစုနှစ်တွင် ၁ဒသမ ၄ ဒီဂရီ စင်တီဂရိတ်နှင့် ၅ဒသမ၈ ဒီဂရီစင်တီဂရိတ်ကြား ပူနွေးလာမည် ဖြစ်သည်ဟု ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုများ ပေါ်ပေါက်လျက်ရှိသည်။ ဥပမာအားဖြင့် အာတိတ်ဒေသ ရေခဲတောင် ဧရိယာကျုံ့လာခြင်းနှင့် ရေခဲတောင်များ အရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ရေခဲမြစ်နှင့်ရေခဲကန်များပြိုကွဲခြင်း၊ အပူပိုင်းမုန်တိုင်းများလာခြင်း၊ အချို့ဒေသများတွင် စားနပ်ရိက္ခာစိုက်ပျိုးခြင်း ခက်ခဲမှုရှိလာခြင်းနှင့် အပင်နှင့်သတ္တဝါများ၏ နေထိုင်မှုပုံသဏ္ဌာန်ပြောင်းလဲလာခြင်းတို့ကို ဖြစ်စေသည်။ ပုံမှန်ရာသီဥတု ပြောင်းလဲခြင်းရှိပြီး ကမ္ဘာကြီးပူနွေးမှု လျော့မှသာလျှင် ကမ္ဘာ့မြောက်ဖျားစွန်းရှိ ရေခဲတောင်များတည်တံ့ပြီး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်မည် ဖြစ်သည်။ ထိုသို့ ရေခဲတောင်များ တည်တံ့ရေးကို ဆောင်ရွက်သင့်သည့် လုပ်ငန်းများ အပါအဝင် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်နှင့် သာဓကများ ပါဝင်သော စာစီစာကုံးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်သည်။ စာစီစာကုံးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀မျက်နှာ၊ ကွန်ပျူတာဖြင့်(-Win---Innwa. Font Size-17)စာစီစာကုံး ရေးသားရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ စသည်တို့ကို တစ်ပါတည်းဖော်ပြရန် ဖြစ်သည်။ အဆင့်မီ စာစီစာကုံးဆု ရရှိသူများကို ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင် စာစီစာကုံးများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး(သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်း ဘုရင့်နောင်လမ်းမကြီး အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့)သို့ မေ၁၅ရက် (အင်္ဂါနေ့) ညနေ ၄ နာရီအရောက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား တောင်ကြီး၌ကျင်းပ

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးတက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်း အသီးသီးတွင် ထူးချွန်ဆုရရှိကြသူ များအား ဒုတိယတိုင်းမှူးက လည်းကောင်း၊ အကောင်းဆုံး မီးဘေးကာကွယ်ရေးနှင့် လေ့ကျင့်ရေးဆုရသည့် မြို့နယ်များနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိသူများအား တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးကလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်နှင့် အသက်ကယ်စွမ်းရည် ပြသမှုကို ကြည့်ရှုအားပေးပြီး မီးသတ်တပ်ဖွဲ့ဝင်များအား ဆုများ ချီးမြှင့်ကြသည်။ (က-ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

လောင်းလုံး၌ နယ်လှည့်စာကြည့်တိုက်ဖွင့်၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကျင်းပ

လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့် ဦးဆောင်သောအဖွဲ့သည် ဧပြီ ၂၁ရက်က ပညစ်ကျေးရွာတွင် နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေး ဟောပြောပွဲကျင်းပရာ ပညစ်ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ တက်ရောက်ကြသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပညစ်ကျေးရွာ ပညာတံခွန် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဖေသန်းထံ သုတစာအုပ်နှင့် မဂ္ဂဇင်းစာအုပ်မျိုးစုံကို လှူဒါန်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကောလင်း မြို့မဈေး
မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကောလင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး အဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်း အခမ်းအနားကို မေ၁ရက်က အဆိုပါဈေးကြီးအတွင်း၌ ကျင်းပရာမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်ဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များဖြင့် ရေပက်ဖျန်းခြင်း၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများကို ဇာတ်တိုက်လေ့ကျင့်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးခင်မောင်မြင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ (ဝ၂၆)

အမျိုးသမီးစက်ချုပ်သင်တန်းဖွင့်ပွဲ ရေနံချောင်းမြို့နယ်၌ ကျင်းပ

ရေနံချောင်းမြို့ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသမီးစက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ သင်တန်းသို့သင်တန်းသူ အမျိုးသမီး ၇၀ တက်ရောက်ကြသည်။ သင်တန်းတွင် ယနေ့ခေတ်မီ ဒီဇိုင်းအမျိုးမျိုးကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၂၉၇)**

မီးသတ်တပ်ဖွဲ့နေ့ လားရှိုး၌ကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို လားရှိုးမြို့ တွဲဖက်ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးရုံး၌ မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးခင်မောင်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသူအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစောနေလင်းနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှေးဦးစွာ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားပြီး မီးသတ်တပ်ဖွဲ့နေ့ အကြောင်းကို တွဲဖက်ပြည်နယ် မီးသတ်ဦးစီးမှူး ဦးလှမြင့်က ရှင်းလင်းပြောကြားသည်။ အခမ်းအနားအပြီးတွင် မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်း၊ အသက်ကယ်လေ့ကျင့် သရုပ်ပြသမှုများကိုပြသကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (က-ပ)

မူလတန်းသင် ဆရာများမွမ်းမံသင်တန်းဖွင့်

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့ အခြေခံပညာမူလတန်းအဆင့် ဘာသာပြဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၁၀နာရီက အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်၊ မြို့နယ်ပညာရေး တာဝန်ခံ၊ ဒုတိယရဲမှူးခင်မောင်ဝင်းနှင့် မြို့နယ်ပညာရေးမှူးဦးအိတ်ချ်ဖွန်ကီးကျောင်တို့က အမှာစကားပြောကြားကြသည်။ အဆိုပါသင်တန်းကာလမှာ ဧပြီ၂၃ရက်မှမေ ၁၈ရက်အထိဖြစ်ပြီး သင်တန်းသို့ ဆရာ ဆရာမ ၈၂ ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု သင်တန်းဆင်း

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် မြန်မာ့ ဖွံ့ဖြိုးရေး လေ့လာမှုသင်တန်းအမှတ်စဉ်(၂/၂၀၀၇)ဆင်းပွဲအခမ်းအနားကို ဧပြီ၁ရက် မွန်းလွဲ ၁ နာရီက စမာကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးသီဟဆွေက သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းတွင် ပထမဆုရ မသင်းသင်းမော် (ဒန့်တိုင်ကျေးရွာ)၊ ဒုတိယဆုရ မောင်မျိုးချစ် (စင်ကွန်းကျေးရွာ)၊ တတိယဆုရ မချမ်းအေးခိုင် (လက်ပံကျေးရွာ)တို့အား တာဝန်ရှိသူတို့က ဆုများချီးမြှင့်သည်။ ထို့နောက် သင်တန်းသူ သင်တန်းသားများက စမာကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ငွေကျပ် ၂၇၅၀၀ကို ပညာရေးငွေ ပဒေသာပင် စိုက်ထူပေးကြသည်။ (ခရိုင်ပြန်/ဆက်)

10-5 (05) 1 5/9/07, 12:56 PM

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဝဲပုံ)

ဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်တို့ ပြန်လည်လိုက်ပါလာကြသည်။

တက်ရောက်

အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြိမ်(၄၀)မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ ကျိုတိုမြို့ရှိ Kyoto International Conference Centre(KICC) ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံ ၆၇ နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးနှင့် ငွေရေး ကြေးရေး ကဏ္ဍမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လေ့လာသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြိမ်(၄၀)မြောက် နှစ်ပတ်လည် အစည်းအဝေး မကျင်းပမီ မေ ၄ ရက် နံနက်ပိုင်းတွင် အာဆီယံ+၃ နိုင်ငံများ၏ အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို ကျိုတိုမြို့ရှိ KICC ၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့သည်။

သတင်းစာရှင်းလင်းပွဲ

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မေ ၅ ရက် မွန်းလွဲပိုင်းတွင် ကျိုတိုမြို့ရှိ KICC ၌ ကျင်းပသော အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရာ ယင်းအစည်းအဝေးတွင် အာဆီယံ+၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးကြပြီး အာရှငွေချေး စာချုပ်ဈေးကွက်အစီအစဉ်၊ ဇင်းမယ်အစီအစဉ်၊ အာဆီယံ+၃ သုတေသနအဖွဲ့နှင့်အာဆီယံ+၃ ဘဏ္ဍာရေး ပူးပေါင်းမှု ရန်ပုံငွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ညနေပိုင်းတွင် အာဆီယံ ဘဏ္ဍာရေး ဝန်ကြီးများက ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန် ကြေညာပြီး သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ကြသည်။

အောင်မြင်စွာ

အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြိမ် (၄၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို မေ ၇ ရက် နံနက်ပိုင်းတွင် ဆက်လက် ကျင်းပရာ လုပ်ငန်းကော်မတီ အစီရင်ခံစာများကို ဖတ်ကြား ဆွေးနွေးခဲ့ကြပြီး ၂၀၀၈ ခုနှစ်အတွက် ရွေးချယ်ခံရသည့် ဥက္ကဋ္ဌက အမှာစကား ပြောကြားကာ ညနေပိုင်းတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြိမ် (၄၀)မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။**(သတင်းစဉ်)**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရန်ပုံငွေဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတက်ရောက်ခဲ့

နေပြည်တော် မေ ၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသနိုင်ငံများမှ ကျန်းမာရေးအဆင့်မြင့်အရာရှိများ၏ အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တင်ပြမည့် ကျန်းမာရေးလုပ်ငန်းစဉ်များနှင့် ဒေသတွင်းနိုင်ငံများအတွက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ ရန်ပုံငွေဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက်မှ ၃ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး) ဒေါက်တာစံရွှေဝင်း၊ ညွှန်ကြားရေးမှူး (နိုင်ငံခြားဆက်သွယ်ရေး) ဒေါက်တာလှလှအေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်ထွန်းအောင်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်သည်။

ဖွင့်လှစ်

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေ ၁ ရက်တွင် နယူးဒေလီမြို့ရှိ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီ ပလမ်ဘမ်ချမ်းက အဖွင့်အမှာ စကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် အစည်းအဝေး တက်ရောက်လာသော ကိုယ်စားလှယ်များက အစည်းအဝေး သဘာပတိအဖြစ် မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအားလည်းကောင်း၊ ဒုတိယသဘာပတိအဖြစ် မော်လဒိုက်နိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အဗ္ဗဒူလာ အာဇီယူဆွတ်အားလည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ကြသည်။

ဆွေးနွေး

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသော ကိုယ်စားလှယ်များသည် အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ တင်ပြဆွေးနွေးမည့် ကျန်းမာရေးလုပ်ငန်းစဉ်များနှင့် ဒေသတွင်း နိုင်ငံများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရန်ပုံငွေခွဲဝေချထားမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ပြီးဆွေးနွေးပြောကြားသည်။

ထောက်ခံအတည်ပြု

အစည်းအဝေးနောက်ဆုံးနေ့တွင် အစည်းအဝေးသို့ တက်ရောက်လာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက အစည်းအဝေးမှ တင်ပြသော အကြံပြုချက်များကို အသေးစိတ် ပြင်ဆင်ဆွေးနွေးပြီး ဆုံးဖြတ်ကြသည်။

ကြိုဆို

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၅ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အေးသာယာမြို့သစ် ဓမ္မသဘင်၌ တရားဟောကြားမည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်(လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း)၏ ဦးစီးပဓာန နာယက နိုင်ငံကျော်ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ) ဆရာတော်သည် မေ ၁၂ ရက်မှ ၁၆ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) အေးသာယာမြို့သစ် ဓမ္မသဘင်၌ ငါးညတိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားတော်မူမည်ဟု သိရသည်။

(က–ပ)

ထူးခြားသည့် မိုးရေချိန်

၉–၅–၂၀၀၇

မုံရွာမြို့	၂ဒသမ ၃၂လက်မ
မိုးကုတ်မြို့	၁ဒသမ ၉၃လက်မ
တောင်ကြီးမြို့	၁ဒသမ ၇၇ လက်မ
ပဲခူးမြို့	၁ဒသမ ၆၉လက်မ

ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက်ရှိ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိက ဓဇ ဦးသန်းရွှေ (ဒလ–အုံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီ ဓမ္မာရုံကြီးတွင် မေ၁၆ရက် မှ ၂၂ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း၊ ၂၄ရက်မှ ၃၀ရက်အထိ ဒေါပုံမြို့နယ် ပြသာဒ်ပရိယတ္တိစာသင်တိုက်တွင်ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင် ဇွန် ၁ ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်စောင်းတန်းအနီး အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် ၈ရက်မှ ၁၄ ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက် ကျောင်းကြီးလမ်း ကျောင်းကြီးတိုက်ရှိ မဟာပုညောပကာရဓမ္မာရုံတွင် ၁၅ရက်မှ ၂၁ ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ဟောပြောပို့ချမည်ဟုသိရသည်။

(က–ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ မိုးကြိုးပစ် အိမ်မီးလောင်၊ သုံးဦးသေဆုံး

ဂျကာတာ မေ ၉

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားမြောက်ပိုင်း နေအိမ်တစ်အိမ်၌ မိုးကြိုးပစ်ခံရသဖြင့် ကလေးသုံးဦး သေဆုံးသွားကြောင်း ဒေသဆိုင်ရာ မီဒီယာက မေ ၇ ရက်တွင် ပြောကြားသည်။

အဆိုပါကလေးများသည် အသက်ခြောက်နှစ်နှင့် ရှစ်နှစ်အကြားတွင် ရှိကြသည်။

အိမ်မီးလောင်

ယင်းမှာ ပြည်နယ် မြို့တော်မီဒန်မှ ကီလိုမီတာ ၂၀ ခန့်အကွာ ဒီလီဆာဒန်းအရပ်၌ဖြစ်ကြောင်း ၎င်းတို့အိမ်မှာ မိုးကြိုးပစ်ခံရပြီးနောက် မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွား အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်

ဝါရှင်တန် မေ ၉

အီရတ်နိုင်ငံတွင် တည်ငြိမ်လုံခြုံမှုအနေအထား တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရေးအတွက် ယခုနှစ်အကုန်တွင် နောက်ထပ်အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀၀ကို ထပ်မံစေလွှတ်ရန် စီစဉ်နေကြောင်း ပင်တဂွန်က မေ ၈ ရက်၌ ပြောကြားသည်။

တောင်းဆို

ယခုစေလွှတ်မည့်တပ်ဖွဲ့ဝင်များမှာ အီရတ်နိုင်ငံတွင် လုံခြုံရေးတစ်ရှိန်ထိုးဆိုးရွားလာမှုနှင့် ဆက်စပ်နေမှုကြောင့် ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း ပင်တဂွန်က ပြောကြားသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရေးကို အမေရိကန်စစ်ဘက် အရာရှိကြီးများက တောင်းဆိုခဲ့ကြသည်။

တိုးမြှင့်ချထား

အီရတ်နိုင်ငံတွင် ခိုင်မာသောလုံခြုံရေးရရှိရန် တပ်ဖွဲ့ဝင်များအရေအတွက်များပြားစွာချထားရေး ဆောင်ရွက်ရမည်ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးအခြေအနေဆိုးရွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ ၃၀၀၀၀အထိ တိုးမြှင့်ချထားလျက်ရှိသည်။

ယခုသွယ်တန်းမည့် KV 230 ဓာတ်အားလိုင်းများသည် ကြီးမားသော စီမံကိန်းတစ်ခုဖြစ်

တာဝါတိုင်စိုက်ထူသွယ်တန်းမည့် မြေပြင်လမ်းတစ်လျှောက် ဥယျာဉ်ခြံမြေများ ကြိုတင်လေ့လာတွက်ချက် ဆောင်ရွက်

ရန်ကုန် မေ ၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ် ၁၂ မိုင်၊ ၅ ဖာလုံရှိ ကညင်ချောင်း ကျေးရွာအနီးမှ ဖြတ်သန်းသွယ်တန်းမည့် ကမာနတ် ဓာတ်အားခွဲရုံ(ပဲခူး)နှင့် မြောင်းတကာ ဓာတ်အားခွဲရုံ KV230 မဟာဓာတ်အားလိုင်း ၄၁ မိုင် အရှည်သွယ်တန်းမည့် မြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးအားဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ယခုရောက်ရှိနေသောနေရာနှင့် ဝန်းကျင်မြေ အခြေအနေ၊ ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီးနှင့် ကြီးလေးကြီး ကားလမ်းမဆုံရှိ မြေအနေအထား၊ သွယ်တန်းတည်ဆောက်မှုအဆင်ပြေစေရေးအတွက် KV 230 မဟာဓာတ်အားလိုင်းကို ကြီးလေးကြီးကားလမ်းမနှင့် အပြိုင် သွယ်တန်းစိုက်ထူသွားမည့် အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ယခုသွယ်တန်းမည့် KV 230 ဓာတ်အားလိုင်းများသည် ကြီးမားသော စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်မှော်မှန်းချက်များအား အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တာဝါတိုင် စိုက်ထူ သွယ်တန်းမည့် မြေပြင်လမ်းတစ်လျှောက် ဥယျာဉ် ခြံမြေများကို ကြိုတင်လေ့လာတွက်ချက် ဆောင်ရွက်သွားစေလိုကြောင်း၊ စီမံကိန်းသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ပြည်သူများလိုအပ်သော လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာ ဖြည့်တင်းပေးနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

အစည်းအဝေးတက်ရောက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့သည် လော်ကား ဓာတ်အားပေးစက်ရုံ ရှင်းလင်းခန်းမ၌ ကျင်းပသည့် သာကေတ-သန်လျင် (ပဲခူးမြစ်ကျော်) KV 230 ဓာတ်အားလိုင်းတာဝါတိုင် စိုက်ထူမည့် စီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က သာကေတ-သန်လျင် KV 230 ဓာတ်အားလိုင်း စီမံကိန်း၌ ကုန်းတွင်းပိုင်းတွင် တာဝါတိုင် ၃၀ နှင့် ပဲခူးမြစ်အတွင်းတွင် တာဝါတိုင် ခြောက်တိုင် စုစုပေါင်း ၃၆တိုင် စိုက်ထူရမည် ဖြစ်ကြောင်း၊ ကုန်းတွင်းပိုင်းတိုင် ၃၀ တွင် တာဝါစိုက်ထူရန် အောက်ခြေ ပိုင်တိုင်များအားလုံး စိုက်ထူပြီးဖြစ်ကြောင်းနှင့် ပဲခူးမြစ်အတွင်း တာဝါတိုင်ခြောက်တိုင်အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းဟန်က ပဲခူးမြစ်အတွင်း ရေစီးကြောင်းနှင့် ရေအတက်အကျ၊ ရေကျချိန် သဲသောင်ပေါ်ထွန်းမှု၊ မြစ်ကျော်တာဝါတိုင်ခြောက်တိုင်စိုက်ထူရာတွင် စက်ယန္တရားများအသုံးပြု၍ သဲသောင်များအား တူးဖော်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက မြစ်ကျော်တာဝါတိုင် ခြောက်တိုင် စိုက်ထူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပဲခူးမြစ်ကျော် တာဝါတိုင် စီမံကိန်းသည် မြစ်ကျော်စီမံကိန်းများအနက် ပထမဆုံးအကောင်အထည်ဖော်ရသည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ပြီးစီးရန်အတွက် ယာဉ်ယန္တရားများနှင့် ဝန်ထမ်းအင်အား စနစ်တကျ ခွဲဝေဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ပြင်းထန်သော မုန်တိုင်းများနှင့် ရေစီးအားအပေါ် ဒဏ်ခံနိုင်ရန် ကြိုတင်တွက်ချက်ပြီး စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် 33 KV ၁၀ မိုင်ကုန်းဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခွဲရုံခန်းမ၌ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်က မင်္ဂလာဒုံလေယာဉ်ကွင်းဝန်းကျင်ရှိ လေဆိပ်ခွဲရုံ အဟောင်းနှင့်ခွဲရုံအသစ် အခြေအနေ၊ ဓာတ်အားလက်ခံရရှိမှုနှင့် ဖြန့်ခွဲပေးနေမှု၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ဓာတ်အားခွဲရုံသစ်မှ ဓာတ်အားပေးနေမှု၊ ရန်ကုန်မြို့တော်အတွင်း သွယ်တန်းမည့် KV 230၊ 66 KV နှင့် 33 KV ဓာတ်အားလိုင်းစနစ်များကို ရှင်းလင်းတင်ပြပြီး မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက အင်းစိန်ရွာမ ဓာတ်အားခွဲရုံနှင့် မရမ်းကုန်းခွဲရုံတို့မှ 66 KV/33KV လိုင်းနှစ်ခုဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး လျှပ်စစ်မီးမပြတ်စေရေး အလေးထားဆောင်ရွက်ထားရှိမှု၊ ရန်ကုန်မြို့တော်အတွင်း 33KV ဓာတ်အားလိုင်းများ တိုးချဲ့သွယ်တန်းမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်နေ

ထို့နောက် လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညီမောင်က အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီး လျှပ်စစ်မီးမပြတ်တောက်စေရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေ၊ လေဆိပ်ခွဲရုံအတွက် လိုအပ်သော Switch Yard နှင့် ကေဘယ်လ်ကြိုးများ၊ ဆက်စပ်ပစ္စည်းများအား လေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ ဖြည့်တင်းပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးအား လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိစေရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေး၊ နိုင်ငံတကာ အဆင့်မီရေးအတွက် အတွေ့အကြုံနှင့် နည်းပညာများဖြင့် ပူးပေါင်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ အရေးကြီးနေရာများ လျှပ်စစ်မီးပြည့်ဝစွာရရှိစေရန် ကြိုတင်ပြင်ဆင်ထားရန်နှင့် ရန်ကုန်မြို့တော်အတွင်း ဓာတ်အားခွဲရုံများ 66 KV၊ 33 KVနှင့် 11 KV ဓာတ်အားလိုင်းများ တိုးချဲ့လုပ်ဆောင်ရာ၌ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး၊ ကြိုတင်မျှော်တွေးစနစ်ဖြင့် ဖော်ဆောင်ကြရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အလေးထားလုပ်ကိုင်သွားကြရန် မှာကြားပြီးခွဲရုံအတွင်း 33 KV ထိန်းချုပ်ခန်းနှင့် KV 1000 ထရန် စဖော်မာ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် အေးရိပ်သာ (၁)လမ်းနေ ဗိုလ်ကြီး ညွန့်မြိုင်၊ သားကြီး ဗိုလ်ကြီး အောင်ဘဆွေ တို့အားရည်စူး၍ ဒေါ်ကျင်ကျင် သားသမီး၊ မြေးတစ်စုတို့က ဆွမ်းငွေပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီး အခန်းငယ်တစ်ခန်းအတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ဒဗလျူအိတ်ချ်အိုမှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား WHO ဌာနချုပ်မှ Dr. Julian Bilous -Senior Advisor, Pollo Eradication& EPI Immunization Vaccine and Biologicalနှင့် UNICEF (Health& Nutrition) မှ Dr. Tadashi Yasuda, Acting Chief တို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား ကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမသို့ လာရောက် တွေ့ဆုံသည်။

တင်ပြဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ၎င်းအဖွဲ့မှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ပိုလီယိုအရိုင်းပိုး တွေ့ရှိခြင်းနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာပြီး တွေ့ရှိချက်များနှင့်ပတ်သက်၍ တင်ပြရာ WHO ရည်ညွှန်းဓာတ်ခွဲခန်းမှ ရရှိသော ဓာတ်ခွဲအဖြေအရ ပိုလီယိုရောဂါ လုံးဝပပျောက်ခြင်းမရှိသေးသော အိမ်နီးချင်းနိုင်ငံများမှ အဆင့်ဆင့် ကူးစက်ဝင်ရောက်လာသော ပိုးဖြစ်သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ရောဂါကူးစက်ခံရကြောင်း သိရှိသည်နှင့် တစ်ပြိုင်နက် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ချက်ချင်း အရေးယူဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်းနှင့် အကြံပြုချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ဝိုင်းဝန်းဆွေးနွေး

ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦး၊ ဒေါက်တာ ပိုင်စိုးနှင့် တက်ရောက်လာသူများက မြန်မာနိုင်ငံတွင် ပိုလီယိုအရိုင်းပိုး တွေ့ရှိခြင်းနှင့် ပတ်သက်၍ ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အချိန်မီ ဆောင်ရွက်လျက်ရှိကြောင်း၊ လူနာရှာဖွေခြင်းလုပ်ငန်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အားသွန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းနှင့် ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်း၊ လတ်တလော ပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် အပါအဝင်နှင့် အခြားသတ်မှတ်ထားသော မြို့နယ်များတွင် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးသုံးကြိမ်တိုက်ကျွေးရန် စီစဉ်ထားကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ရေရှည်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝိုင်းဝန်းဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ကြည့်မြင်တိုင်မြို့နယ်တွင် စုပေါင်းပေးအပ်

ရန်ကုန် မေ ၉

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၂ ရပ်ကွက်မှ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူများအနက်မှ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရရှိပြီးသူ ၁၅၀ အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံ၌ မေ ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်သောင်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက် ၂၂ ရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပြီးစီးသူ ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်မြို့နယ်ဦးစီးမှူး ဦးမြင့်သောင်းတို့က ရပ်ကွက်ဥက္ကဋ္ဌများသို့နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပြီးသူ ၁၅၀ ကို ပေးအပ်ကြောင်း သိရသည်။

(ဝဲပုံ) (ခရိုင် ပြန်/ဆက်)

စတုဒိသာဆွမ်းများ လှူဒါန်းမည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ သိမ်ကုန်းကျောင်းတိုက်တွင် (၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်)မေ ၁၂ ရက် (စနေနေ့) တွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ်(၁၉၉)နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒါယကာ ဦးလင်းကြည်-ဒါယိကာမ ဒေါ်ဥမ္မာသွင် မိသားစု(Robin အင်ဂျင်နှင့် စက်ပစ္စည်း ရောင်းဝယ်ရေး Twin Star Co.,Ltd.)က သံဃာတော် အရှင်သူမြတ်များအား စတုဒိသာဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ် အပေါင်းတို့အား စတုဒိသာဆွမ်းများကို နံနက် ၉ နာရီမှ မွန်းတည့်၁၂နာရီအထိ ကျွေးမွေးလှူဒါန်းမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် သိမ်ကုန်း ကျောင်းတိုက်၏ ဦးဆောင်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုမာရ (သိရီပဝရဓမ္မာစရိယ မဟာ ဝိဇ္ဇာကိုလံဘို)ထံမှ တရားတော်များ နာယူမည်ဖြစ်ရာ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မြို့ရွာတစ်ခွင် သာစေချင်

မီးတွင် မပေါ့နှင့်

နယ်စပ် / စည်ပင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဖွင့်ပွဲသို့တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ယမန်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၃)နှင့် (၁၄)၊ အဆင့်မြင့်အင်ဂျင်နီယာ သင်တန်း အမှတ်စဉ်(၂)၊ ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ်(၁၈)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၅)နှင့် အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၃)တို့ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

ယင်းသင်တန်းများ ဖွင့်ပွဲသို့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ အတွင်းရေးမှူး ဦးထွန်းကြည်၊ ရန်ကုန် မြို့တော်စည်ပင် သာယာရေးကော်မတီနှင့် စာရင်းစစ် ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူး ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဧည့်သည်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က သင်တန်းများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ မိမိတာဝန် ယူရသော လုပ်ငန်းများတွင် ကျွမ်းကျင် ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး သင်ယူလေ့ကျင့်သွားရန်တို့ကို ပြောကြားသည်။

အဆင့်မြင့် အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၃)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ အရာထမ်း ၆၃ ဦး၊ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၄)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အရာထမ်း ၃၀၊ အဆင့်မြင့်အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၂)သို့ စည်ပင်သာယာရေး ဦးစီးဌာနမှ သင်တန်းသား ၂၀၊ ဘဏ္ဍာရေး စည်းမျဉ်းအထူးသင်တန်း အမှတ်စဉ် (၁၈)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနရှိ ဦးစီးဌာနများနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ သင်တန်းသား ၃၀၊ အဆင့်မြင့် အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၅) သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၁၅ ဦး၊ အိမ်တွင်းမှု လက်မှု လုပ်ငန်း (ကြိမ်၊ ဝါး) သင်တန်း အမှတ်စဉ်(၃)သို့ ပညာရေးလေ့ကျင့် ရေးဦးစီးဌာနမှ သင်တန်းသူ ၃၄ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၉၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်သည်။

ရင်းရင်းနှီးနှီး

သင်တန်းများ ဖွင့်ပွဲအပြီးတွင် ဝန်ကြီးသည် သင်တန်းသား သင်တန်း သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သင်တန်းသား သင်တန်းသူများ၏ စားရိပ်သာနှင့် အိပ်ဆောင်များ၊ စာသင် ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် ကွန်ပျူတာသင်တန်းခန်းမတွင် အဆင့် မြင့်အင်ဂျင်နီယာသင်တန်းနှင့် ဘဏ္ဍာ ရေးစည်းမျဉ်းအထူးသင်တန်းတို့မှ သင် တန်းသားများ ကွန်ပျူတာ သင်ကြား လေ့ကျင့်နေမှုကို လည်းကောင်း၊ အဆင့် မြင့် အိမ်တွင်းမှုသင်တန်းမှ သင်တန်းသူ များ၏ အဆင့်မြင့်စက်ချုပ် လက်တွေ့ ချုပ်လုပ်နေမှုကိုလည်းကောင်း၊ အိမ် တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်၊ဝါး) သင်တန်းမှ သင်တန်းသူများ၏ လက် တွေ့ ကြိမ်ထိုးခြင်း၊ ဝါးရက်လုပ်ခြင်း ကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးပြီး လိုအပ်သည်များကို ဖြည့် ဆည်းပေးသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်း အိမ်ရာများ၊ ဦးစီးဌာနများ၏ စက် ယန္တရားများနှင့် ပစ္စည်းများထားသို သည့် သိုလှောင်ရုံများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကို မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း၃လမ်း မှတ်တိုင်အနီး) တွင် ခြံအမှတ် ၁၁ သစ်ရာပင် လမ်း သုဝဏ္ဏ နေ ဖခင်ကြီး ဦး သန်း မောင် အား ရည်စူး၍ သား ဒေါက်တာ မြတ်ကျော်သူနှင့် မြေး ဆောင်းဝတ်ရည်တို့၏ မွေးနေ့အလှူတော်အဖြစ် ငွေကျပ် နှစ်သိန်း နှစ်သောင်းကို ဆရာတော်အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)ရှေ့မှောက်၌ အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံသစ်သို့

မိုးလုံးမဲ့မှိုင်း၊ အနောက်တိုင်းမှ
မှိုင်းလုံးသတင်း၊ အဖျင်းအတင်း
သတင်းဖွတ်ကြီး၊ ဆရာကြီးဟန်
အကြီးအသေး၊ သတင်းပေးနှင့်
ရှေ့ရေးနောက်ရေး၊ တိုင်းပြည်ရေးထက်
သူ့ရေးအရာ၊ မီဒီယာအားကိုး
ပုဆိန်ရိုးသတင်း၊ လမ်းခင်းပေးကြ
အားမရဘူး၊ ပြည်ပအားကိုး
အဆိုးသာလျှင်၊ ကောင်းမမြင်ကြ
ငါမှအမှန်၊ မလျော်ကန်လည်း
ကြံဖန်အကျင့်၊ အခွင့်သင့်လျှင်
မချင့်မချိန်၊ ကိုယ့်အိမ်ကိုယ့်အိုး
ဆွေသားမျိုးလည်း၊ အကျိုးမရှိ
တိုင်းပြည်မျက်နှာ၊ ထောက်မညှာသည်
မြန်မာမျိုးဖျက်၊ သံချေးတက်တို့
ဤပြည်မြန်မာ ဤနေရာကား
တိုင်းသားထောင်စု၊ ညီနောင်ထုဖြင့်
လူထုခပင်း၊ ညီညာခြင်းဖြင့်
ပြည်တွင်းမှာကြည့်၊ ပြည်သူ့ရှိ၏
အမိမြန်မာ၊ ဤပြည်ရွာကို
သာယာလှ့ဘောင်၊ ကျိုးပြုဆောင်မည်
ထွန်းပြောင်ပြည်ချစ်၊ နိုင်ငံသစ်သို့။ ။

မြနန္ဒာ(မန္တလေး)

□ *ကျောဖုံးမှ*

ဆွေးနွေးလိုကြောင်း၊ ပထမအချက်မှာ ရိုက်နှိပ်ပြီးဖြစ်သော ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်အတွက် ကျောင်းသုံး ဖတ်စာအုပ်များကို ယခုအခါ သက်ဆိုင် ရာ ဒေသအရောင်းဆိုင်များသို့ ဖြန့် ဝေထားပြီးဖြစ်ရာ ၎င်းတို့ကို ဇွန်လ ဆန်း ကျောင်းဖွင့်သည်နှင့် ကျောင်း သား ကျောင်းသူများလက်ဝယ်သို့ အရောက် ဖြန့်ချိပေးရန်ဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ ၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်အတွက် လိုအပ်သော ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ရေး ကို ယခုမေလကုန်မှ စတင်ရိုက်နှိပ်ရေး ညှိနှိုင်း ဆောင်ရွက်သွားကြရန်ဖြစ် ကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေး ဆောင် ရွက်ချိန်မှစတင်၍ နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခင် နှစ်များကလည်း ကျောင်းသုံးဖတ်စာ အုပ်များကို ကျောင်းသားကျောင်းသူ များလက်ဝယ်သို့ ကျောင်းဖွင့်ချိန်တွင် အပြီး ဖြန့်ဝေခြင်း၊ ပညာရေးဝန်ကြီး ဌာနမှ သတ်မှတ်ထားသောဈေးနှုန်း ဖြင့်ဖြန့်ဝေပေးခြင်း၊ စာအုပ်များ အရည် အသွေးကောင်းမွန်အောင် ရိုက်နှိပ်ဖြန့် ဝေခြင်း၊ ခြိုးခြံချွေတာရေးမူအရ စာအုပ် အဟောင်းများကို လက်ဆင့်ကမ်းစနစ် ဖြင့် ဖြန့်ဝေသုံးစွဲရန်ဆောင်ရွက်ခြင်း တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင် ခဲ့ကြောင်း၊ ယခုနှစ်တွင် ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော် မတီက စာအုပ် ၃၈ဒသမ ၄ သန်း ရိုက်နှိပ်ခဲ့ပြီး ၂၀၀၇ ခုနှစ် မတ်လကုန် တွင် ပညာရေးဝန်ကြီးဌာနသို့ အပြီး အပ်နှံခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာန ကလည်း လက်ခံရရှိသောစာအုပ်များကို ယမန်နှစ်လက်ကျန် ၃ဒသမ၄၈သန်းဖြင့် ပေါင်း၍ စုစုပေါင်း ၄၁ ဒသမ ၈၈သန်း ကို အရောင်းဆိုင်များသို့ ဧပြီလ အပြီး ပေးပို့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် ယခု နှစ်တွင် လက်ဆင့်ကမ်းစနစ် အတွက် ကျောင်းအသီးသီးသို့ လှူဒါန်းထားသော ကျောင်းသုံး ဖတ်စာအုပ်၃ဒသမ ၂၂သန်း ကိုပါ ဖြန့်ဝေပေးရန် စီစဉ်ထားသည်ဟု သိရကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ ဇွန်လ အတွင်း အပြီးဖြန့်ဝေရောင်းချပေးရန်၊ ဖြန့်ဝေပြီးစီးမှုကို ဇွန်လကုန်တွင် ပြန် လည်တင်ပြရန်၊ ထိုသို့ ဖြန့်ဝေရောင်းချ ရာတွင် ပညာရေးဝန်ကြီးဌာနက သတ် မှတ်သည့် ဈေးနှုန်းများ အတိုင်း ဖြန့်ချိ ရေး ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ခြိုးခြံချွေတာရေးမူအရ လက်ဆင့် ကမ်းဖြန့်ဝေသည့် စနစ်ကို ယခုထက်ပိုမို အောင်မြင်အောင် စည်းရုံးနည်းလမ်းရှာ ဆောင်ရွက်သွားကြစေလိုကြောင်း။

ဦးစားပေး

၂၀၀၈-၂၀၀၉ ခု ပညာသင် နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရေး ဆောင်ရွက်ရာတွင် ပညာ ရေးဝန်ကြီးဌာနက ပထမ ဦးစားပေး ရိုက်နှိပ်မည့် အမှာစာအရေအတွက်ကို မေလကုန်မှစတင် ရိုက်နှိပ်ရန် ဖြစ် ကြောင်း၊ ရိုက်ပြီးသမျှကို ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်ဖြစ် ကြောင်း၊ ရိုက်နှိပ်ရာတွင် အရည် အသွေးကောင်းအောင် ပုံနှိပ်စက်ရုံ များက အရည်အသွေး စစ်ဆေးရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး တာဝန် ရှိသူများကလည်း ကြပ်မတ် စစ်ဆေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုနှစ် ရိုက်နှိပ်မည့် စာအုပ်များကို ရာသီဥတု မိုးလေဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု မရှိအောင် ထိန်းသိမ်း သိုလှောင်ရာတွင် လည်းကောင်း၊ ပို့ဆောင်ရာတွင်လည်း ကောင်း ဂရုပြု ဆောင်ရွက်ကြစေလို ကြောင်း၊ ရိုက်နှိပ်ရာတွင် ခြိုးခြံချွေတာ ရေးမူအရ အရွယ်အစား ပြောင်းသင့် သည့်စာအုပ်အမျိုး ၃၀ ကို ပြောင်းပြီး ဖြစ်ရာ ကျန် ၆၂ မျိုးကို ယခုနှစ်တွင် အားလုံး အရွယ်အစား ပြောင်းလဲ ရိုက်နှိပ်ရေးညှိနှိုင်း ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ကျောင်းဖွင့်အမီ

၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်အတွက် ကျောင်းသုံး ဖတ်စာအုပ်များကို ၂၀၀၈ ခုနှစ် မတ်လတွင် အပြီးရိုက်၍ ဧပြီလ အတွင်း သက်ဆိုင်ရာ အရောင်းဆိုင်များ သို့ အပြီးပို့ပြီး သက်ဆိုင်ရာစာသင်နှစ် ကျောင်းဖွင့်အမီ ဖြန့်ချိရေးဆောင်ရွက် သွားရန်ဖြစ်ကြောင်း၊ ၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်အတွက် ရိုက်နှိပ်ရာတွင် ယခုနှစ် ရောင်းပြီး လက်ကျန်နှင့် လက်ဆင့်ကမ်းသုံးစွဲနိုင်မည့် အရေ အတွက်တို့ကို အနီးစပ်ဆုံး လျာထား တွက်ချက်ပြီး လိုအပ်သမျှသာ ရိုက် နှိပ်ရေး ညှိနှိုင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ကျောင်းသုံးဖတ်စာအုပ် ရိုက်နှိပ် ဖြန့်ဝေရေးအတွက် ပါဝင် ပူးပေါင်းကူညီဆောင်ရွက်ပေးနေကြ သော ဌာနဆိုင်ရာများကို ကျေးဇူးတင် ရှိပါကြောင်းဖြင့် ပြောကြားသည်။

အခြေအနေ

ထို့နောက် ကျောင်းသုံးဖတ်စာအုပ် များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ် ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၆ ခုနှစ် ဩဂုတ် ၇ ရက်တွင် ကျင်းပခဲ့သော အစည်းအဝေး မှတ်တမ်းဆုံးဖြတ်ချက် များကို ဖတ်ကြားပြီး ဆောင်ရွက်ပြီး စီးမှု အခြေအနေများကို ရှင်းလင်းတင် ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကျောင်းသုံးဖတ်စာ အုပ်များ ရိုက်နှိပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ကျောင်းသုံးဖတ်စာ အုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ အတွင်းရေးမှူး ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်ငြိမ်းနှင့် ကျောင်းသုံး ဖတ်စာအုပ်များ ဖြန့်ချိရေး ဆပ်ကော် မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တို့က ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ် ထုတ်ဝေမှုနှင့် ဖြန့်ချိမှုများနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တင်ပြ

ထို့နောက် ဆပ်ကော်မတီဝင်များ က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး၍ ဖြည့်စွက်မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၀-၅-၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော် ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၈။	အကပဒေသာ
၈:၂၅	၉။	ဘိုင်းဒါးရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၁၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၂၀	၇။	**ဟွန်းသံ** (ဇေရာနှင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)
၁၇:၃၀	၈။	တေးဂီတအစီအစဉ်
၁၇:၄၅	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သီရိဂေဟာ
၁၉:၀၀	၁၃။	Discovery
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ်ရွက်ကလေး၏ ရင်ခုန်သံ**(အပိုင်း-၂၀) [ဇာတ်သိမ်းပိုင်း]
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၁)
	၁၉။	နောက်တစ်နေ့အစီအစဉ်

■ ကျောဖုံးမှ

သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ဖောင်းပြင်မြို့ နန်းဘုန်းကြိုးဝိုင်း၊ မော်လိုက်မြို့ မော်ကူးကြိုးဝိုင်းနှင့် ပုဂ္ဂလိက သစ်တောစိုက်ခင်းအဖြစ် ပျဉ်းကတိုးနှင့် မဟော်ဂနီစိုက်ခင်း ဧက ၅၀ ထူထောင်မည့်နေရာနှင့် ပျိုးဥယျာဉ်တို့သို့ သွားရောက်ကြပြီး ကြိုးဝိုင်းများအတွင်း သစ်တောအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၄ ရက်တွင် ကလေးမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၁) သစ်စက်(ကျီကုန်း)နှင့် အမှတ်(၁၂၃) သစ်စက်၊ ဂန့်ဂေါမြို့ အမှတ်(၉၈) သစ်စက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မော်လိုက်အနောက် သစ်ထုတ်ရေးဒေသ တန်ဖိုသစ်ဆိပ်၊ ဂန့်ဂေါ သစ်ထုတ်ရေးဒေသ၊ မွေ့လယ်သစ်ဆိပ်၊ ချင်းပြည်နယ် သစ်ထုတ်ရေးဒေသ ကြားစခန်း ဆိုက်လူးသစ်ဆိပ်၊ ဂန့်ဂေါ သစ်ထုတ်ရေးဒေသ လယ်မသစ်ဆိပ်၊ အညာတောသစ်ဆိပ်များသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဂန့်ဂေါမြို့နယ် ထယ်လျော်ရှိ သစ်တောရေးရာဝန်ကြီးဌာန၏ ခြံစည်းရိုးကြက်ဆူပင်ဧက၇၇ဝစိုက်ပျိုးမည့်နေရာနှင့် ပျိုးဥယျာဉ်၊ သစ်တောဦးစီးဌာနက လောင်ထောင်ကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူဧက၈ဝနှင့် ပျိုးဥယျာဉ် စစ်နီးကြိုးဝိုင်းနှင့် လောင်ထောင်ကြိုးဝိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၅ ရက်တွင် ဆောမြို့နယ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ လက်ပံကြိုးဝိုင်းနှင့် တိုးချဲ့ကြိုးဝိုင်းများ အခြေအနေ၊ ဆိပ်ဖြူမြို့နယ် သပြေကာကွယ်တော၊ ဆိပ်ဖြူမြို့နယ် ပေါက်ပင်ကန်ပျိုးဥယျာဉ်၊ ရေနံချောင်းမြို့နယ် ဖန်ခါးစမ်းပျိုးဥယျာဉ်နှင့် တောင်တွင်းကြီးမြို့ ကုက္ကိုခွပျိုးဥယျာဉ်တို့သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆိပ်ဖြူမြို့နယ် ချင်းသစ်ထုတ်ရေး ဒေသ ကဇွန်းမသစ်ဆိပ်၊ ဆိပ်ဖြူမြို့ အမှတ်(၁၂၄)သစ်စက်နှင့် တောင်တွင်းကြီးမြို့နယ် သစ်ထုတ်ရေးဒေသ မန်နေဂျာရုံးသို့ရောက်ရှိကြရာ တာဝန်ရှိသူများက သစ်ထုတ်လုပ်မှုနှင့် သစ်စက်လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် **အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သက်ကြီး ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၆ ရက်က အမှတ်(၃၄) စံပြရပ်ကွက်ခန်းမရုံတွင် ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်နှင့် အဖွဲ့ဝင်များက သက်ကြီးအဘိုးအဘွား ၆၀ တို့အား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်စဉ်။**

(၄၀၀)

* ကျောဖုံးမှ

သတိပေးချက်ကြိုထုတ်ပြန်

ယခုရက်ပိုင်းတွင် ဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က “အခုရက်ပိုင်းအတွင်းမှာမိုးရွာခြင်းဖြစ်ပေါ်နေတာဟာ မေလဆန်းက ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ မုန်တိုင်းငယ်တစ်ခု ဖြစ်ပေါ်ခဲ့လို့ပါပဲ။ အဲဒီ မုန်တိုင်းခဲ့လို့ တစ်နာရီ ၃၅မိုင်လောက်ပဲတိုက်ခတ်ခဲ့တာပါ။ ဒီမုန်တိုင်း ထူးခြားတာက မုန်တိုင်းဦးတည်ရာကို မျက်နှာမူပြီးပြောရင် မုန်တိုင်း လက်ဝဲဘက်အခြမ်းမှာ ထူထပ်မြင့်မားတဲ့တိမ်တောင်တွေ ဖြစ်ပေါ်မှုနည်းပြီး လက်ယာဘက်အခြမ်းမှာပဲ ထူထပ်မြင့်မားတဲ့ တိမ်တောင်တွေ ဖုံးလွှမ်းခဲ့လို့ အဲဒီဘက်ကျတဲ့ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းတွေမှာ စံချိန်တင်အောင် မိုးတွေရွာသွန်းခဲ့ပါတယ်”ဟု ဦးထွန်းလွင်က ဆက်လက်ရှင်းပြသည်။

“ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းမှာ စံချိန်တင်အောင် မိုးတွေ ရွာသွန်းခဲ့ပါတယ်”

ဦးထွန်းလွင်
ညွှန်ကြားရေးမှူးချုပ်
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

က မေ၄ရက် မွန်းလွဲပိုင်းကစပြီး မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ဒေသတွေကို ရန်ကုန်နဲ့ ပုသိမ်မြို့တွေကြားက ဖြတ်ကျော်ဝင်ရောက်ခဲ့တာမို့ မုန်တိုင်းဖြတ်သန်းရာ ဒေသတွေမှာ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်ခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့ အဲဒီမုန်တိုင်းကို လေးရက် ကြိုတင်ပြီး သတိပေးချက် ထုတ်ပြန်နိုင်ခဲ့ပါတယ်” ဟု ဦးစွာရှင်းပြသည်။

အကြိမ် ၈၀ဖြတ်သန်းခဲ့

မြန်မာနိုင်ငံတွင် မေလ၌ မုန်တိုင်းဖြစ်ပေါ်တတ်သည်မှာ ထူးခြားခြင်း မဟုတ်ဘဲ ၁၈၇၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း နှစ်ပေါင်း ၁၂၈နှစ်တာ ကာလတွင် မုန်တိုင်းများ အကြိမ် ၈၀ ခန့် ဖြတ်သန်းခဲ့ကြောင်း သိရသည်။

“ဒီမုန်တိုင်းက အားသိပ်ကောင်းတဲ့ မုန်တိုင်းတော့မဟုတ်ပါဘူး၊ မုန်တိုင်း စက်ကွင်းအတွင်းမှာ ပြင်းထန်တဲ့ လေတိုက်ခတ်မှုလည်း အလွန်နည်း

စံချိန်သစ်

ထို့ကြောင့် မေ ၄ရက်နှင့် ၅ ရက်များတွင် ရွာသွန်းခဲ့သော မိုးရေချိန်များသည် ကမ္ဘာအေး၌ ၁၃ ဒသမ ၅၄ လက်မဖြစ်ရာ ၃၉ နှစ်အတွင်း စံချိန်သစ်ဖြစ်ပြီး မင်္ဂလာဒုံ၌ မိုးရေချိန် ၁၁ဒသမ၁၄ လက်မရှိရာ နှစ်ပေါင်း ၆၀အတွင်း စံချိန်သစ်ဖြစ်ခဲ့ကြောင်း၊ ပဲခူးတွင် မိုးရေချိန် ၈ဒသမ ၉၄လက်မ ရွာသွန်းခဲ့ရာ နှစ်ပေါင်း ၄၂ နှစ်အတွင်း စံချိန်သစ်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ မုတ်သုံဝင်ရောက်မည့် ကာလတွင်ဖြစ်ပေါ်မည့် ရာသီဥတုအခြေအနေနှင့် ပတ်သက်၍လည်း **“အခု မေလ ပထမသီတင်းပတ်မှာ မုန်တိုင်းတစ်ကြိမ် ဖြစ်ပေါ်ခဲ့ပေမယ့် မုတ်သုံလေကို တစ်ပါတည်းယူဆောင်လာမယ်လို့ ခန့်မှန်းခဲ့ပေမယ့် မုတ်သုံလေ နောက်ဆက်တွဲ မပါခဲ့တာကြောင့် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်းမှာ မြန်မာနိုင်ငံတောင်ပိုင်းကို မုတ်သုံ ဝင်ရောက်တော့မှာ သေချာပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသတွေကိုတော့ မေလ တတိယ ရက်သတ္တပတ်လောက်မှာ မုတ်သုံ ဝင်ပါတော့မယ်၊ ဒီနှစ်မှာ အယ်လ်နီညို မဖြစ်နိုင်တော့ပါဘူး၊ ဒါကြောင့် မိုးနည်းတဲ့ နှစ်လည်းမဖြစ်နိုင်တာမို့ ပုံမှန်မိုးဦးကာလအနေအထားပဲ ဖြစ်နိုင်ပါတယ်”**ဟု ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

မိုးပိုနိုင်

ယခုနှစ်ရာသီဥတုအနေအထားနှင့် ပတ်သက်၍လည်း**“ယခု ၂၀၀၇ ခုနှစ်မှာ ပျမ်းမျှရွာသွန်းမြဲ မိုးရေချိန်များ ပြည့်မီအောင် ရွာသွန်းနိုင်သော နှစ်တစ်နှစ်ဖြစ်ပြီး မိုးဦး၊ မိုးလယ်ကာလများတွင် မိုးမှန်ကာ မိုးနှောင်းကာလ၌ မိုးအနည်းငယ် ပိုနိုင်ပါတယ်”**ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ခန့်မှန်းထား

ထို့အပြင် ယခုနှစ် မိုးရာသီကာလတွင် မုန်တိုင်းများ ဖြစ်ပေါ်နိုင်မှု ရှိ၊ မရှိကိုလည်း ဦးထွန်းလွင်က **“ဒီနှစ် မိုးရာသီမှာ မုန်တိုင်းဖြစ်ပေါ်မှု ပျမ်းမျှအောက် နည်းမယ့်နှစ်ပဲဖြစ်ပါတယ်။ အခုမေလမှာ တစ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီးပြီဆိုတော့ လာမယ့် စက်တင်ဘာမှာ မုန်တိုင်းနောက်တစ်ကြိမ် ဝင်ရောက်နိုင်ပါတယ်။ လာမယ့် အောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ အနည်းဆုံးတစ်ကြိမ်စီလောက်တော့ မုန်တိုင်းဖြစ်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်”**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယခုနှစ်သည် ပညာရှင်အချို့တွက်ချက်ထားသလို လာနီညာနှစ်ဖြစ်ခဲ့လျှင် လာနီညာ၏သဘာဝအရ မိုးနှောင်းကာလ(စက်တင်ဘာ)နှင့် မိုးလွန်ကာလ(အောက်တိုဘာနှင့် နိုဝင်ဘာလ)များတွင် မုန်တိုင်းပိုမိုဖြစ်ပေါ်နိုင်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ပါက ရေကြီးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဂရုပြုရမည်ဖြစ်ကြောင်း သိရသည်။

အပြောင်းအလဲရှိနိုင်

ထို့ကြောင့် ၂၀၀၇ခုနှစ်သည် ရာသီဥတုနှင့်ပတ်သက်၍ အပြောင်းအလဲရှိနိုင်မှုများကို ပြည်သူများ သိရှိနိုင်ရန်အတွက် မေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပြည်နယ်နှင့် တိုင်းအသီးသီး၌ မြို့နယ်ဂီတအစည်းအရုံးများ ဖွဲ့စည်းနိုင်ရေး ကွင်းဆင်း ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ ဂီတအစည်းအရုံးကို ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်လတ်က ဦးစီး၍ အလုပ်အမှုဆောင် ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး၊ မဟာဂီတလွှာတွင် ကိုးဦး၊ ကာလပေါ်အလွှာတွင် ၁၅ ဦး၊ စတီရီယိုအလွှာတွင် ၁၁ ဦး၊ စက်မှုအလွှာတွင် ခုနစ်ဦးနှင့် ထုတ်လုပ်ဖြန့်ချိအလွှာတွင် ခုနစ်ဦးတို့ဖြင့် သတ်မှတ်ဖွဲ့စည်းကာ တာဝန်များ ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးသည် တောင့်တင်းခိုင်မာသော အစည်းအရုံးကြီးဖြစ်ပေါ်လာစေရေးအတွက် မြို့နယ်ဂီတအစည်းအရုံးများကို တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်း အသီးသီး၌ မြို့နယ်ဂီတအစည်းအရုံးများဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အောင်မြင်စွာဖွဲ့စည်းနိုင်

မေ ၃ ရက်မှစ၍ မော်လမြိုင်၊ ဖျာပုံနှင့် ဝေါမြို့နယ်တို့၌ မြို့နယ်ဂီတအစည်းအရုံးများကိုအောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည်။ ဆက်လက်၍လည်း ပြည်နယ်နှင့်တိုင်းများ၌ မြို့နယ်ဂီတအစည်းအရုံးများဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ယခင်ရရှိခဲ့သည့် အောင်မြင်မှုကို ပြန်လည်ရယူနိုင်ရေး (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ပါဝင်သည့် ကနူးနှင့် ကယက်လှေ၊ အပြည်ပြည်ဆိုင်ရာလှေနှင့် ရိုးရာလှေလှော်အားကစားနည်း သုံးမျိုးတွင် ထိုက်ထိုက်တန်တန် အောင်မြင်မှုရရှိရေးနှင့် မျိုးဆက်သစ်လှေလှော် အားကစားသမားများ ပေါ်ထွက်လာရေးတို့ကို ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျင်းပ

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုကိုခံယူလျက် အဖွဲ့ချုပ်သည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဧရာဝတီတိုင်း ပုသိမ်မြို့ ကန်သုံးဆင့်၌ မေ ၁၀ရက် **(ယနေ့)**နှင့် ၁၁ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးဖြစ်သည့် အမျိုးသားအသက် ၂၅ နှစ်အောက် မီတာ ၅၀၀ ရိုးရာလှေ သုံးတက်ပြိုင်ပွဲ၊ အမျိုးသားအသက် ၂၅ နှစ်အောက် အမျိုးသား မီတာ ၅၀၀ ရိုးရာလှေ ငါးတက်ပြိုင်ပွဲ၊ အမျိုးသမီး အသက် ၂၃ နှစ်အောက် မီတာ ၅၀၀ ရိုးရာလှေ ငါးတက်ပြိုင်ပွဲ (ငါးမြွေထိုးလှေ) ပြိုင်ပွဲများပါဝင်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲ အမျိုးအစားသုံးခု၌ တစ်မျိုးစီလျှင် ပထမကျပ်ငါးသိန်း၊ ဒုတိယ ကျပ်သုံးသိန်း၊ တတိယကျပ်နှစ်သိန်း အပါအဝင် ပြိုင်ပွဲသုံးမျိုးအတွက် ဆုကြေးကျပ်သိန်း ၃၀အပြင် တစ်ဦးချင်းဆုတံဆိပ်များ၊ ပထမဆုဖလားများနှင့် တံခွန်စိုက်ဆုဖလားများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ခုနှစ် မေလအတွက်
၁၃-၅-၂၀၀၇ ရက်နေ့
နှင့်
၂၇-၅-၂၀၀၇ ရက်နေ့

● ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်သည်တော် အိန္ဒိယရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်သို့ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၇
(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ဝိနည်းဓမ္မ၏ ရှင်တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇:၅၅	အသွင်သစ်အမြင်သစ် MRTV-4ရုပ်သံသစ်
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ပြည်တွင်းအနုပညာရေးရာ
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	အသည်းကင်ဆာ သိကောင်းစရာ (အပိုင်း-၄) [ပါမောက္ခဒေါက်တာခင်မောင်ဝင်း]
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	ဖိတ်ခေါ်ချင်သည့် တောင်စခန်းမြို့ဆီ
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	Yangon Panorama “ဆရာဇော်ဂျီမွေးနေ့ ရာပြည့်အခမ်းအနား”
၁၀:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀	လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ(အမျိုးသမီး ကလေးများသင်တန်းကျောင်း)
၁၀:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅	Business Talk (Trade Markအကြောင်း သိကောင်းစရာ) [အပိုင်း-၁]
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	စပျစ်ချိုချို ဝိုင်ချိုချို
၁၁:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀	သိစေချင်သည် ICT (ခေတ်မီတိုးတက် SMS)
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀	တစ်ကွင်းတစ်စပ် မြစ်ရေတင် လုပ်ငန်းများ
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	Say it in English
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Tottenham-Blackburn	5-Sports (Live)

ပြည်တွင်း အားကစားသတင်းအတိုအထွာ

လူသစ်တန်းနှင့် သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲ

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကကြီးမှူး၍ လူသစ်တန်းနှင့် သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲများကို မေ ၂၀ ရက်မှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ကျင်းပမည်ဖြစ်သည်။

လူသစ်တန်းပြိုင်ပွဲတွင် တစ်ကြိမ်မျှ ဆုမရရှိသေးသူများပါဝင်ယှဉ်ပြိုင်နိုင်ပြီး သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲတွင် အသက် ၂၀ အောက်လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် ဂျူဒိုမောင်မယ်များသည် မေ ၁၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ထံ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

အာရှဂျူဒိုညီလာခံ မြန်မာအဖွဲ့တက်ရောက်မည်

ကူဝိတ်နိုင်ငံတွင် မေ၂ရက်မှ ၁၆ရက်အထိကျင်းပမည့် အာရှဂျူဒိုညီလာခံသို့ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းအောင်နှင့် ဦးအေးကြည်တို့ တက်ရောက်ကြမည်ဟုသိရသည်။ **(မြန်မာ့အလင်း)**

ပလင်းတန်
ဖွံ့ ဖြိုးဖို့
စာအုပ်စာပေ
လှေလာစို့

ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်တွင် (အိတ်ချ်အာပီ-၂)ဟု အမည်ပေးထားသော စက်ရုပ်ကို မေ ၈ရက်က တွေ့ရစဉ်။

(အဆိုပါ စက်ရုပ်အား အိမ်တွင်းလုပ်ငန်းများတွင် အကူအညီပေးနိုင်ရန် ရည်ရွယ်၍ စမ်းသပ်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဆီးရီးယားနှင့်အိုမန် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

ဒမတ်စကတ် မေ ၉

ဆီးရီးယားနှင့် အိုမန်နိုင်ငံတို့အနေဖြင့် သတင်းပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်တစ်ရပ်ကို ဆီးရီးယား ပြန်ကြားရေးဝန်ကြီး မိုဆင်ဘီလ်အလ်နှင့် အိုမန်ပြန်ကြားရေးဝန်ကြီး ဟာမတ်ဘင်မိုဟာမက်အယ်ရာရှီဒီတို့က မေ ၇ ရက်၌ လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဆာနာသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူစာချုပ်အရ နှစ်နိုင်ငံ သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းပြန်ကြားရေးဆိုင်ရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ကြရေး ပြုလုပ်သွားကြမည် ဖြစ်သည်။

စေလွှတ်

ထို့အပြင် အသံလွှင့်အစီအစဉ်များပူးတွဲလုပ်ဆောင်ရန်နှင့် ကျွမ်းကျင်မှုပညာရှင်များကို အပြန်အလှန် စေလွှတ်ကာ ပူးပေါင်းဖလှယ်မှုများ ပြုလုပ်သွားကြရန်လည်း သဘောတူညီခဲ့ကြသည်။

ပြောကြား

အာရပ်ကမ္ဘာတွင် ဆီးရီးယားနှင့်အိုမန် နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားရန် အရေးကြီးသော လုပ်ငန်းအဖြစ် အိုမန်က ခံယူထားကြောင်း အိုမန်ပြန်ကြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကြက်ငှက်တုပ်ကွေးကြောင့် အင်ဒိုနီးရှား၌ သေဆုံးသူ ၇၅ ဦးရှိ

ဂျကာတာ မေ ၉

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် မေ ၃ ရက်က လူတစ်ဦး သေဆုံးခဲ့ရာ ယင်းနိုင်ငံ၌ ၎င်းရောဂါ ကူးစက်ခံရသူ ၉၅ ဦးတွင် ၇၅ ဦးမှာ သေဆုံးသွားပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြန်ကြားရေးဌာနက ဂျကာတာ၌ မေ ၇ ရက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပျက်ကျခဲ့သော ကင်ညာလေယာဉ် ကင်မရွန်း၌ ရှာဖွေတွေ့ရှိ

ယောင်ဒီ မေ ၉

ခရီးသည် ၁၁၄ ဦး လိုက်ပါသွားသည့် ကင်ညာလေကြောင်းလိုင်းမှ လေယာဉ်ပျက်ကို ကင်မရွန်းလေဆိပ် မလှမ်းမကမ်းရှိ ရွှံ့ညွန်တောအတွင်း မေ ၆ ရက်က တွေ့ရှိရကြောင်း၊ သို့ရာတွင် အသက်ရှင်ကျန်ရစ်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါခရီးသည်တင် ဘိုးရင်းလေယာဉ်ပေါ်တွင် နိုင်ငံပေါင်း ၂၀ကျော်မှ ခရီးသည်များလိုက်ပါလာရာ မေ ၅ ရက်က ကင်မရွန်းနိုင်ငံ ဒိုလက်မြို့မှ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ဦးတည်ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်၌ ရေလွှမ်းမိုး ၁၂ ဦးသေဆုံး၊ အိမ် ၃၀၀၀ ကျော်ပျက်စီး

ကဘူးလ် မေ ၉

အာဖဂန်နစ္စတန်နိုင်ငံ ဆမန်ဂန် ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပွားရာ ၁၂ဦးသေဆုံးခဲ့ရကြောင်း မေ ၆ရက်က သက်ဆိုင်ရာအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင် ရက်သတ္တပတ်က အာဖဂန်နစ္စတန် မြောက်ပိုင်းရှိ မြို့နယ် ၃၆ မြို့တွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးမှုများရှိခဲ့သည်။ မေ ၅ ရက်က ဆမန်ဂန်မြစ်ရေလျှံသဖြင့် အိမ်ခြေများစွာ ပျက်စီးခဲ့ရကြောင်း၊ ဒေသခံပြည်သူများကို ရေဘေးဒုက္ခမှ ကင်းဝေးရာသို့ ရွှေ့ပြောင်းရေးကို ပြည်နယ်အာဏာပိုင်အဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ယူကရိန်းမှ ဥရောပသို့ ပို့လွှတ်သည့် ဓာတ်ငွေ့ ပိုက်လိုင်းပေါက်ကွဲ

ကီယက်ဗ် မေ ၉

ရုရှားနိုင်ငံကို ဖြတ်သန်း၍ ယူကရိန်းနိုင်ငံမှ ဥရောပသို့ ပို့လွှတ်သည့် ဓာတ်ငွေ့ပိုက်လိုင်းသည် မေ ၇ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဥရောပသို့ ပို့လွှတ်သော ဓာတ်ငွေ့ရပ်ဆိုင်းသွားခဲ့ကြောင်း ယူကရိန်း အရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်မြောက်ပိုင်းရှိ ကုန်ပဒေသာဆိုင်ကြီးမီးလောင် ဆိုင်ခန်း ၂၀၀ကျော် ပျက်စီးဆုံးရှုံးခဲ့ရ

ဟုတ်ဟော့ မေ ၉

တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဘောတူမြို့ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်၌ မေ ၇ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ ဆိုင်ခန်း ၂၀၀ ကျော် မီးလောင်ခံခဲ့ရကြောင်း အဆိုပါဒေသ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကုန်ပဒေသာဆိုင်ကြီးသည် ဘောတူမြို့လယ်တွင်တည်ရှိပြီး မေ ၇ ရက် နံနက် ၆ နာရီ ၁၂ မိနစ်က မီးလောင်ခဲ့ခြင်း ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မီးငြိမ်းသတ်

မီးငြိမ်းရန်အတွက် မီးသတ်ကား ၂၆စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ကျော်တို့က ကြိုးစားငြိမ်းသတ်ခဲ့ရာ ထိုနေ့နံနက် ၉နာရီခန့်က မီးငြိမ်းသွားကြောင်း သိရသည်။

စစ်ဆေး

ဒေသဆိုင်ရာ အာဏာပိုင်များက မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး စီးပွားရေးအရ ဆုံးရှုံးမှု ပမာဏကိုလည်း စာရင်းပြုစုလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ် ကိုင်ယန်မြို့တွင် ကျင်းပသော ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသသည့် အလှမယ်တစ်ဦးကို မေ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၏ မော်တော်ကား ထုတ်လုပ်မှု ယခုနှစ် ပထမလေးလ၌ မြင့်တက်

ဟန်နွိုင်း မေ ၉

ဗီယက်နမ်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုသည် ယခုနှစ် ပထမလေးလတွင် မော်တော်ကားစီးရေ ၁၃၇၇၄ စီး ထုတ်လုပ်နိုင်ခဲ့သည်။ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၄၈ဒသမ ၆ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ၏အထွေထွေ စာရင်းအင်းရုံး၏ စာရင်းဇယား၌ မေ ၇ ရက်က ဖော်ပြသည်။

ထုတ်လုပ်

ဗီယက်နမ် နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလနှင့် ဧပြီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုထားသည့် မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်းများက ကားအစီးရေ ၉၉၈၅ စီး ထုတ်လုပ်ခဲ့သည်။

တိုးမြင့်

မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုမှာ ဆိုင်ကယ်စီးရေ ၈၅၂၇၀၃ စီး ရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးမြင့်မှုမှာ ၃၆ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်သည်။

သုံးစွဲခဲ့

ယခုနှစ်ပထမလေးလတွင်ပြည်ပနိုင်ငံများမှ စက်အရန်ပစ္စည်းများနှင့် မော်တော်ကား ပစ္စည်းအစိတ်အပိုင်းများ တင်သွင်းမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၃သန်း နှင့်မော်တော်ကားစီးရေ ၃၀၀၀ တင်သွင်းရာ အမေရိကန်ဒေါ်လာ ၆၇သန်း သုံးစွဲခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို မေ ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှဖြတ်ကျော် မီးရထားလမ်းဖောက်လုပ်ရေး ဘင်္ဂလားဒေ့ရှ် ပါဝင်ရန် လက်မှတ်ရေးထိုးမည်

ဒါကာ မေ ၉

အာရှဖြတ်ကျော် မီးရထားလမ်း ကွန်ရက်(တီအေအာ)ဖောက်လုပ်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အခြားနိုင်ငံများနှင့်အတူ ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နေ့စဉ်ထုတ်သတင်းစာ ပိုင်နစ်ရှယ် အိတ်စ်ပရက်စ်၌ မေ ၆ ရက်က ဖော်ပြထားသည်။

တီအေအာနှင့် ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးမှုကို ဘင်္ဂလားဒေ့ရှ်အစိုးရက မေ ၅ ရက်တွင် ခွင့်ပြုလိုက်ပြီ ဖြစ်သည်။

လက်မှတ်ရေးထိုး

ထိုသို့ ဘင်္ဂလားဒေ့ရှ်အစိုးရက ခွင့်ပြုလိုက်သဖြင့် နယူးယောက်မြို့တွင် ကျင်းပမည့် တီအေအာသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အစိုးရ အရာရှိတစ်ဦးက ပြောကြားသည်။

ထူထောင်

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် အခြားအာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများကပါ ဆက်သွယ်ရေးကွန်ရက် ထူထောင်နိုင်မည်ဖြစ်ကြောင်း ၎င်း အရာရှိက ပြောကြားသည်။

တီအေအာနှင့် ပတ်သက်ပြီး လက်မှတ်ရေးထိုးမှုကို အခြားစိတ်ဝင်စားသောနိုင်ငံများပါ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ နောက်ဆုံးရက် သတ်မှတ်ပေးထားသည်။

စီမံကိန်း

အာရှနှင့် ဥရောပဖြတ်ကျော်ရထားလမ်း ကွန်ရက်သည် ကုလသမဂ္ဂ၏ အာရှနှင့် ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ စီမံကိန်းတစ်ခုလည်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အလူမီနီယံစက်ရုံ လုပ်ငန်းခွင်

ကနေဒါနိုင်ငံ အော့တဝါမြို့ရှိ အလူမီနီယံ စက်ရုံ၏ လုပ်ငန်းခွင်ကို မေ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ လယ်ယာနှင့်သစ်တောထွက်ကုန်ပစ္စည်းတင်ပို့မှု ယခုနှစ် ပထမလေးလ၌ မြင့်တက်

ဟန်နွိုင်း မေ ၉

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမလေးလတွင် လယ်ယာနှင့်သစ်တောထွက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ သဘော်ဖြင့်တင်ပို့ရာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ရရှိကြောင်း၊ ယခင်နှစ် အလားတူကာလကထက် ၃၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဌာနဆိုင်ရာရုံး၏ စာရင်းဇယား၌ မေ ၇ ရက်က ဖော်ပြသည်။

ယခုနှစ် ပထမလေးလအတွင်း ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့သည့် ကုန်ပစ္စည်းများမှာ ကော်ဖီတင်ပို့မှု အမေရိကန်ဒေါ်လာ ၉၆၁ သန်း၊ ဆန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄၄၃သန်း၊ ပရိဘောဂ ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၇၇၀ နှင့် ရော်ဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း၃၆၀တန်ဖိုးရရှိကြောင်း၊ လယ်ယာ စိုက်ပျိုးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဆောင်ရွက်သွားမည်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ကုန်အထိ လယ်ယာနှင့် သစ်တောထွက်ကုန်မှ ဝင်ငွေအမေရိကန်ဒေါ်လာ ၇ ဒသမ ၄ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် မျှော်မှန်းထားရှိကြောင်း၊ ပြည်ပ တင်ပို့ကုန်နှင့် ပတ်သက်၍ အကျိုးအမြတ်များ ရရှိခံစားနိုင်ရန် ကြီးမားသော ကုန်ထုတ်လုပ်မှုဇုန်နှင့် ဈေးကွက်များ တည်ဆောက်ရန်နှင့် စက်မှုလယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

ကုန်သွယ်မှု

ကုန်ထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ရန်နှင့် ကုန်သွယ်မှု ဈေးကွက်၌ ကုန်အမှတ်တံဆိပ်များဖြင့် မှတ်ပုံတင် ထုတ်လုပ်သွားမည်ဖြစ်သည်။ ကုန်သွယ်မှုဈေးကွက်၌ တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံများသို့ ကုန်သွယ်မှုပြုလုပ်မည် ဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် လယ်ယာနှင့် သစ်တောထွက်ကုန်များမှ ပြည်ပနိုင်ငံများသို့တင်ပို့ရာ အမေရိကန် ဒေါ်လာ ၇ဒသမ ၂ဘီလီယံခန့် ရရှိခဲ့ရာ ၂၀၀၅ ခုနှစ်ကထက် ၁၉ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရီလာကိုစတာ မတော်တဆဖြစ်မှု ဂျပန်၌ တစ်ဦးသေဆုံး၊ ၂၀ဒဏ်ရာရ

တိုကျို မေ ၉

ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် မေ၅ ရက်က ရီလာကိုစတာ မတော်တဆဖြစ်မှုကြောင့် အပျော်စီးရထားစီးသူ တစ်ဦးသေဆုံးပြီး ၂၀ခန့် ဒဏ်ရာရသွားကြောင်း၊ ဒဏ်ရာရသူများတွင် နှစ်ဦးမှာ ပြင်းထန်ကြောင်း ကျိုဒိုသတင်းဌာနက ကြေညာသည်။

စုံစမ်းဆဲ

အခင်းဖြစ်ပွားသည့်နေရာမှာ အိုဆာကာခရိုင် ဆူအီတာမြို့ အိတ်စပိုလင်း အပန်းဖြေပန်းခြံ၌ဖြစ်ပြီး မေ ၅ရက် မွန်းလွဲ ၁ နာရီက ယင်းသို့ မတော်တဆဖြစ်ပြီး မည်သည့်အတွက် ဖြစ်ရသည်ကို မသိရသေးဘဲ စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်း အာဘေးလ်မြို့၌ ကားဗုံးပေါက်ကွဲ ၁၂ ဦးသေဆုံးပြီး ၄၀ ခန့်ဒဏ်ရာရရှိခဲ့

အာဘေးလ် မေ ၉

အီရတ်နိုင်ငံမြောက်ပိုင်း အာဘေးလ်မြို့တွင် မေ ၉ ရက် နံနက်ပိုင်းက ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ လူ ၁၂ဦး သေဆုံးပြီး လူ ၄၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

တိုက်ခိုက်

ကားဗုံးပေါက်ကွဲမှုမှာ အာဘေးလ်မြို့လယ်တွင် မေ ၉ ရက် နံနက် ၈ နာရီ၌ ဖြစ်ပွားခဲ့ရာ အီရတ်မြောက်ပိုင်း ကာ့ဒ်ဒေသတွင် ယခုရက်ပိုင်းအတွင်း ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထိုသို့ ကားဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်ငါးစီး ပျက်စီးသွားပြီး အနီးရှိနေအိမ်နှင့် အဆောက်အအုံအချို့လည်း ထိခိုက်ပျက်စီးခဲ့သည်။

လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်ကလည်း အာဘေးလ်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် လူ ၆၀ကျော် သေဆုံးခဲ့ရသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံမြောက်ပိုင်း အာဘေးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စက်ဘီးစီး စွမ်းရည်ပြသူ

လေထဲတွင် စက်ဘီးစီးပြီး စွမ်းရည်ပြနေသူ တစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကနေဒါနိုင်ငံသား လူငယ်တစ်ဦးက အမြင့် ၄၈ပေခန့်ရှိသော အဆောက်အအုံထိပ်မှ မြေပြင်သို့ စက်ဘီးစီးနင်းကာ စွမ်းရည်ပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်တို့၏ ရှေးဟောင်းပန်းအိုး



တရုတ်တို့၏ ရှေးဟောင်းပန်းအိုး တစ်လုံးကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟေနန်ပြည်နယ် တောင်ပိုင်း ဟေကိုမြို့အနီး တောင်တရုတ် ပင်လယ်ရေပြင်အောက်မှ ရှာဖွေတွေ့ရှိရသော ကြွေပန်းအိုးတစ်လုံးမှာ တရုတ်တို့၏ ရှေးခေတ်မင်းများ လက်ထက် အေဒီ (၁၁၂၇-၁၂၇၉)က ပြုလုပ်သုံးစွဲခဲ့သော ကြွေပန်းအိုးတစ်လုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြို့နီ-ချောက် ရထားလမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း စစ်ဆေး ရထားလမ်းသစ်ကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းရန်နှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ အချိန်မီရောက်ရှိရေးဆောင်ရွက်ရန် မှာကြား

နေပြည်တော် မေ ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ ဒုတိယဝန်ကြီး ဦးဖေသန်း တို့လိုက်ပါ၍ မေ ၆ ရက်တွင် မကွေးတိုင်း ချောက်မြို့သို့ရောက်ရှိပြီးနောက် ကြို့နီ-ချောက် ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းရှိ ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို လိုက်လံစစ်ဆေးရာ ကြို့နီ-ချောက်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းအင်ဂျင်နီယာ ဦးစိန်လှမြင့်က ရထားလမ်းတစ်လျှောက် ဆောင်ရွက်လျက်ရှိသော မြေသားတာပေါင်လုပ်ငန်းများ၊ သံလမ်းခင်းခြင်းလုပ်ငန်းများကို လိုက်လံရှင်းလင်းတင်ပြသည်။ (အောက်ပုံ)

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ရထားလမ်းမြေသားတာပေါင်ပေါ်မှ ဖြတ်သန်းမောင်းနှင်ပြီး လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကြို့နီဘူတာသို့ရောက်ရှိရာ ရှေးဦးစွာ ဘူတာရှင်းလင်းဆောင်၌ စီမံကိန်း အင်ဂျင်နီယာ ဦးတင်အေးက ရထားလမ်းဖောက်လုပ်ပြီးစီးမှုအပိုင်းနှင့် ဆောင်ရွက်ရန် ကျန်အပိုင်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရထားလမ်းသစ်ကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ရန်တို့ကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အထောက်အကူပြု

ထို့နောက် ဝန်ကြီးသည် တက်ရောက်လာကြသော ကြို့နီမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဆရာ၊ ဆရာမ များအား ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြောကြားပြီး ရထားလမ်းဖောက်လုပ်ပြီးစီးပါက ဒေသဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူဖြစ်စေမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ဒေသခံများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

လိုက်လံနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မေ ၇ ရက်တွင် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့ရောက်ရှိပြီး သင်တန်းကျောင်းခန်းမ၌ဝန်ထမ်းများနှင့် သင်တန်းသားသင်တန်းသူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်သည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား အရည်အချင်းများ တိုးတက်စေရေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအင်ဂျင်နီယာ ဦးခင်မောင်သိန်းက လုပ်ငန်းဆောင်ရွက်မှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

သတ်မှတ်စံချိန်ပြည့်မီစေရေး

ယင်းနောက် ဝန်ကြီးက လုပ်ငန်း ဦးစားပေးအလိုက် အပိုင်းခွဲ၍ ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်ပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်းသို့ သွားရောက်၍ မြေသားတာပေါင်လုပ်ငန်းများဆောင်ရွက်မှုများကို လိုက်လံစစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာက လိုက်လံရှင်းလင်း တင်ပြသည်။ ယင်းနောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်သည် နေပြည်တော်မှ ရှမ်းပြည်နယ် ရွှေညောင်-တောင်ကြီးသို့ ရထားလမ်းတစ်ဆက်တည်း တောက်လျှောက် ခုတ်မောင်းနိုင်ရေးအတွက် ပျော်ဘွယ်-ဘုရားငါးဆူလမ်းသစ်ကို ဖောက်လုပ်ခြင်းဖြစ်သည်။

တောက်လျှောက်ဆက်သွယ်နိုင်မည်

ရထားလမ်းဖောက်လုပ်ရာတွင် ပျဉ်းမနား-သာစည် ရထားလမ်းပေါ်ရှိ ပျော်ဘွယ်ဘူတာမှ စတင်လမ်းခွဲ၍ သာစည်မြို့ကို ဝင်ရောက်ဖြတ်သန်းခြင်းမပြုဘဲ သာစည်-ရွှေညောင် ရထားလမ်းပေါ်ရှိ ဘုရားငါးဆူဘူတာသို့ ဆက်သွယ်ပေးမည့် ရထားလမ်းသစ် ဖောက်လုပ်ခြင်းဖြင့် ပျဉ်းမနားမှ ရွှေညောင်သို့ တစ်ဆက်တည်း ရထားလမ်းတောက်လျှောက်ဆက်သွယ်နိုင်မည်ဖြစ်သည်။

ပိုမိုလျော့နည်းသွားမည်

ရထားလမ်းသစ်သည် ခရီးမိုင် ၁၆ ဒသမ ၁၉ မိုင် ရှည်လျားသည်။ ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ၏ လက်ရှိ ရထားလမ်းအရှည်မှာ ခရီးမိုင် ၃၁ ဒသမ ၇၅ မိုင်ရှိသဖြင့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်ခြင်းဖြင့် ခရီးမိုင် ၁၅ ဒသမ ၅၆ မိုင်ခန့် ပိုမိုလျော့နည်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စီးပွားရေးဖွဲ့စည်းလုပ်ကိုင်ခြင်း ဟောပြောမည်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၁၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါ်ရီရီမြင့်(အငြိမ်းစား)က စီးပွားရေးဖွဲ့စည်းလုပ်ကိုင်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ ကြီးမှူး ရွှေပြား၊ရွှေသက်န်းနှင့် အလှူတော်ငွေများရေစက်ချ

ရန်ကုန် မေ ၉

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၇၆) ကြိမ်မြောက် ရွှေပြား၊ ရွှေသက်န်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေများ ရေစက်ချလှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘန ကြွရောက်ချီးမြှင့်တော်မူပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေး

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင် ၁၃၁၄ဦးတို့က စုစုပေါင်းလှူဒါန်းငွေကျပ် ၁၆၀၄၃၅၆၄၉ တို့ကို ပေးအပ်လှူဒါန်းကြရာ**(အပေါ်ပုံ)** စေတီတော် ဂေါပကအဖွဲ့ဝင်များက လက်ခံပြီး ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် မြသိန်းတန်ကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းမိသားစု နှစ်ပတ်လည်နေ့အထိမ်းအမှတ် လူမှုရေးအသင်းအဖွဲ့များသို့ ငွေလှူဒါန်း

ရန်ကုန် မေ ၉

မြန်မာဘရူဝါရီ လီမိတက် ဝန်ထမ်း မိသားစု၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၇ ရက် ည၇နာရီက ရန်ကုန်မြို့ ဒူးဆစ် အင်းလျားကန် ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး (အငြိမ်းစား)၊ အထွေထွေမန်နေဂျာ Mr. Peter Ong၊ ဒုတိယအထွေထွေ မန်နေဂျာဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (အငြိမ်းစား)၊ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ ဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. Peter Ong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဂုဏ်ပြုဆုပေး

ယင်းနောက် မြန်မာဘရူဝါရီလီမိတက်(၁၀)နှစ်ပြည့် ရွှေနှစ်များအထိမ်းအမှတ်(၁၀)နှစ်ပြည့်တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများအား မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာဘရူဝါရီလီမိတက်၏ Corporate Communication Executive ဒေါ်ဝင်းဝင်းသန့်က မြန်မာဘရူဝါရီလီမိတက်(၁၀)နှစ်ပြည့် ရွှေနှစ်များအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအနှံ့ရှိ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများပေးအပ်ခြင်းနှင့် အခြားလှူဒါန်းမှုများကိုရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာဘရူဝါရီလီမိတက်(၁၀)နှစ်ပြည့် ရွှေနှစ်များ အထိမ်းအမှတ်အဖြစ် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများနှင့် ဝန်ထမ်းများက စုပေါင်းလှူဒါန်းသော အလှူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့(ဝက်ပါ)၊ ကော့မှူးမြို့နယ် အောင်ဇမ္ဗူ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ပရဟိတဂေဟာ၊ မရမ်းကုန်းမြို့နယ်ရှိမသန်မစွမ်းကလေးများကျောင်း၊ ခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ၊ စိတ် ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)၊ မင်္ဂလာဒုံမြို့နယ်ရှိ နယူးလိုက်(ဖ်)ဖောင်ဒေးရှင်း မိဘမဲ့ကျောင်းနှင့် လှိုင်သာယာမြို့နယ်ရှိ ရတနာသီရိ မြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့သို့ ငွေကျပ် ၂၅ သိန်းစီ၊ အဝတ်အထည်နှင့် ကျောင်းသုံးပစ္စည်းများကို မြန်မာဘရူဝါရီလီမိတက် အထွေထွေ မန်နေဂျာက သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် မြန်မာဘရူဝါရီလီမိတက်၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသော ဧည့်သည်တော်များအား တေးသံသာများဖြင့် ဖျော်ဖြေပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ပရီမီယာလိဂ်၊ လာလီဂါ၊ စီးရီးအေနှင့် ဘွန်ဒက်စ်လီဂါတို့မှ ဂိုးအများဆုံးသွင်းထားသူများ

လန်ဒန် မေ ၉

ဥရောပတစ်ဝန်းတွင် ကစားနေကြသော ၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင် နိုင်ငံအလိုက် လိဂ်ဘောလုံးပြိုင်ပွဲများ ပြီးဆုံးတော့မည်ဖြစ်သည်။ ကမ္ဘာ့ဘောလုံးပရိသတ်များ စိတ်ဝင်စားမှု အရှိဆုံးဖြစ်သည့် ပရီမီယာလိဂ်၊ စပိန် လာလီဂါ၊ ဂျာမနီမှ ဘွန်ဒက်စ်လီဂါ၊ အီတလီစီးရီးအေ အမှတ်ပေးဘောလုံးပြိုင်ပွဲတို့မှ ဂိုးအများဆုံးသွင်းထားကြသူများကို ဖော်ပြလိုက်ပါသည်။

ပရီမီယာလိဂ်မှ ဒရော့ဘာ

ချယ်လ်ဆီးအသင်းအတွက် ပွဲတိုင်းနီးပါး ဂိုးသွင်းယူပေးခဲ့သော ဒရော့ဘာသည် ယခုနှစ် ပရီမီယာလိဂ်၌ ပွဲစဉ် (၃၇)ပြီးချိန်အထိ ၁၉ဂိုး သွင်းယူထားပြီး ဂိုးအများဆုံးသွင်းသူအဖြစ် ထိပ်ဆုံးမှ ရပ်တည်နေသူ ဖြစ်သည်။ ယခုနှစ် ပရီမီယာလိဂ်၌ ဒရော့ဘာအနေဖြင့် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သောပွဲမှာ အိမ်ကွင်း၌ ဝက်ဖို့ဒ်နှင့် ကစားခဲ့သောပွဲဖြစ်ပြီး တစ်ဦးတည်း သုံးဂိုးသွင်းကာ ဟက်ထရစ်ရရှိခဲ့သည်။ ထို့အတူ အခြား ပရီမီယာလိဂ် ပွဲစဉ်များဖြစ်သော အိမ်ကွင်း၌ ရက်ဒင်းနှင့်ပွဲ၊ အိမ်ကွင်း၌ မစ်ဒယ်ဘရော့နှင့်ပွဲ တို့တွင်လည်း နှစ်ဂိုးစီ သွင်းယူနိုင်ခဲ့သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။
(ဓာတ်ပုံ–အင်တာနက်)

ဒရော့ဘာသည် အသက် (၂၉) နှစ်အရွယ်ရှိပြီး လွန်ခဲ့သည့်နှစ်ကလည်း ချယ်လ်ဆီးအသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးနိုင်ခဲ့သော တိုက်စစ်မှူး တစ်ဦးဖြစ်သည်။

ဇာရာဂိုဇာတိုက်စစ်မှူး မီလီတို။
(ဓာတ်ပုံ–အင်တာနက်)

စပိန်လာလီဂါမှ မီလီတို

စပိန်လာလီဂါကလပ် ရီးရဲဇာရာဂိုဇာမှ တိုက်စစ်မှူး မီလီတိုသည် လာလီဂါပွဲစဉ် (၃၂) ကစားပြီးချိန်၌ ဂိုး၂၀ သွင်းယူထားနိုင်ပြီး ဂိုးအများဆုံးသွင်းထားနိုင်သူအဖြစ် ထိပ်ဆုံး၌ ရပ်တည်နေသူဖြစ်သည်။

မီလီတိုသည် အသက် (၂၇) နှစ်အရွယ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး တစ်ဦးဖြစ်ပြီး စပိန်၌ ခြေစွမ်းပြနေသူဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် လာလီဂါ၌ မီလီတို ဂိုးအများဆုံးသွင်းယူခဲ့သောပွဲမှာ အိမ်ကွင်း၌ကစားခဲ့သော ရီးရဲဘက်တစ်နှင့်ပွဲဖြစ်ပြီး နှစ်ဂိုးသွင်းယူခဲ့သလို အဝေးကွင်း၌ ရီးရဲဆိုစီဒက်နှင့်ပွဲတွင်လည်း တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့သည်။ ရီးရဲဇာရာဂိုဇာသည် လာလီဂါပွဲစဉ်(၃၂) ကစားပြီးချိန်၌ အဆင့်ငါးနေရာ၌ ရှိနေသည်။

တိုက်စစ်မှူး မီလီတိုအနေဖြင့် ၂၀၀၅–၂၀၀၆ လာလီဂါ၌လည်း ရီးရဲဇာရာဂိုဇာအတွက် ၁၅ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘွန်ဒက်စ်လီဂါမှ တိုက်စစ်မှူးဂီကက်

ဂျာမနီဘွန်ဒက်စ်လီဂါမှတိုက်စစ်မှူး ဂီကက်မှာ ဘိုချန်အသင်းမှဖြစ်ပြီး ပွဲစဉ် (၂၉) ကစားပြီးချိန်တွင် ဂိုး ၂၀ သွင်းထားနိုင်သူဖြစ်သည်။ တိုက်စစ်မှူး ဂီကက်အနေဖြင့် ဂိုးအများဆုံး သွင်းယူခဲ့သော ပွဲများမှာ အဝေးကွင်း၌ ဘီလီဖီးလ်နှင့်ပွဲ၊ အိမ်ကွင်းတွင် ဒေါ့မွန်နှင့်ပွဲ၊ အဝေးကွင်း၌ လေဗာကူဆင်နှင့် ကစားခဲ့သောပွဲများ၌ တစ်ပွဲလျှင် နှစ်ဂိုးစီ သွင်းယူနိုင်ခဲ့သည်။

ဂီကက်သည် ၂၀၀၅–၂၀၀၆တွင် ပနာသီနိုင်ကော့စ်အသင်း၌ ကစားခဲ့သူ

ဘိုချန်တိုက်စစ်မှူး ဂီကက်။
(ဓာတ်ပုံ–အင်တာနက်)

ဖြစ်ပြီး ယခုနှစ်မှ ဘိုချန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ ဘွန်ဒက်စ်လီဂါတွင် ဒုတိယဂိုးအများဆုံး သွင်းထားသူမှာ ဒေါ့မွန်အသင်းမှ ဖရိုင်း ဖြစ်ပြီး ၁၅ ဂိုး သွင်းယူထားသည်။

အီတလီစီးရီးအေမှ တော့တီ

ယခုနှစ်အီတလီစီးရီးအေ ဘောလုံးရာသီတွင် ဂိုးအများဆုံးသွင်းထားသူမှာ ရိုးမားအသင်းမှ တိုက်စစ်မှူး တော့တီ

ရိုးမားတိုက်စစ်မှူး တော့တီ။
(ဓာတ်ပုံ–အင်တာနက်)

ဖြစ်ပြီး စီးရီးအေပွဲစဉ်(၃၂) ကစားပြီးချိန်၌ စုစုပေါင်း ၂၂ ဂိုး သွင်းယူထားနိုင်သည်။

တိုက်စစ်မှူး တော့တီသည် ရိုးမားအသင်းအတွက် ၂၀၀၃–၂၀၀၄ ဘောလုံးရာသီတွင် စီးရီးအေ၌ ဂိုး၂၀သွင်းယူပေးခဲ့ပြီး ၂၀၀၄–၂၀၀၅ ဘောလုံးရာသီတွင် ၁၂ ဂိုး သွင်းယူပေးကာ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီတွင် စီးရီးအေ၌ ရိုးမားအတွက် ဂိုးပေါင်း ၁၇ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

တော့တီသည် အသက် (၃၀) အရွယ်ရှိသော တိုက်စစ်မှူး တစ်ဦး ဖြစ်သော်လည်း ယခုနှစ် စီးရီးအေ၌ ရိုးမားအတွက် အများဆုံးဂိုးသွင်းယူခဲ့သောပွဲများမှာ အဝေးကွင်း၌ အေစီမီလန်နှင့်ပွဲ၊ အဝေးကွင်း၌ ဆမ့်ဒိုးရီးယားနှင့်ပွဲ၊ အိမ်ကွင်း၌ အတ္တလန္တာနှင့်ပွဲ၊ အိမ်ကွင်း၌ ပါလာမိုနှင့်ပွဲ၊ အဝေးကွင်း၌ ချီယေဗိုနှင့်ပွဲတို့တွင် နှစ်ဂိုးစီ သွင်းယူနိုင်ခဲ့သည်။ ။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ–မောင်မောင်မြင့်ဆွေ

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ပရီမီယာလိဂ် တန်းဆင်းဇုန်ရောက် ချာလ်တန်အသင်းကို အရှေ့အလယ်ပိုင်းနှင့် ဥရောပမှ စီးပွားရေးကုမ္ပဏီအုပ်စုတစ်စုက ပေါင်သန်း ၅၀ ဖြင့် ဝယ်ယူရန် ကမ်းလှမ်းထားသည်ဟု ဆိုသည်။**

* မစ်ဒယ်ဘရော့နောက်တန်းလူ အဘီလ်ဆာဗီယာသည် စာချုပ်သစ် တစ်ရပ်ချုပ်ဆိုရန် မအောင်မြင်ခဲ့သဖြင့် ယခုနှစ်နွေရာသီတွင် အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က အတည်ပြုပြောကြား လိုက်သည်။

* **ကမ္ဘာ့နံပါတ်(၂) တင်းနစ်အားကစားမယ် ရှာရာပိုဗာသည် လာမည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပခုံးဒဏ်ရာရထား၍ ပြိုင်ပွဲနှင့် လွဲဖွယ်ရှိကြောင်း ၎င်းကပြောကြားလိုက်သည်။**

* တော့တင်ဟမ်တိုက်စစ်မှူး ဘာဘာတော့ဗ်သည် မန်ယူသို့ ပြောင်းရန် ဆက်သွယ်ခဲ့သော်လည်း တော့တင်ဟမ်၌ နောက်ထပ် အနည်းဆုံး တစ်နှစ်နေသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

(အင်တာနက်)

ရီးရဲမက်ဒရစ်၏ ဖလားရရှိရေးကြိုးပမ်းမှု ဘာစီလိုနာအသင်းတိုက်စစ်မှူး အီတိုးကြိုဆို



ဘာစီလိုနာတိုက်စစ်မှူး အီတိုး။ (ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

မက်ဒရစ် မေ ၉

ရီးရဲမက်ဒရစ်အသင်းသည် မကြာသေးမီကာလက လာလီဂါဖလား ရယူရန် ကြိုးစားလာခြင်းကို ဘာစီလိုနာ တိုက်စစ်မှူး ဆမ်မြူရယ်အီတိုးက ကြိုဆိုလိုက်သည်။

အောင်ပွဲရသွားနိုင်

ရီးရဲမက်ဒရစ်အသင်းသည် အမှတ်ပေးဇယား ထိပ်ဆုံးရောက်နေသော ဘာစီလိုနာအသင်းနှင့် နှစ်မှတ်သာ ကွာခြားမှုရှိတော့သည်။ ရီးရဲမက်ဒရစ်တို့ အမှတ်ပေးဇယားကို ဦးဆောင်ရန် အလွန်နီးကပ်လာသလို ပွတ်ကာသီကာဖြင့် ရာသီကုန်ပန်းအဝင်တွင် အောင်ပွဲရသွားနိုင်သည့် အနေအထားရှိသည်။

ယုံကြည်

ဘာစီလိုနာအသင်းသည်လက်ကျန်ပွဲငါးပွဲတွင် အနိုင်ရမှုကို ဆက်ထိန်းထားနိုင်လျှင် သုံးနှစ်ဆက်တိုက် လာလီဂါချန်ပီယံ ဖြစ်လိမ့်မည်ဖြစ်ကြောင်း အီတိုးက ယုံကြည်ထားသည်ဟု ဆိုသည်။

အောင်မြင်ပြီး ခြေစွမ်းကောင်းသည့် ဘာစီလိုနာအသင်းကို လိုက်မီရန် အသင်းများအနေဖြင့် အပြင်းအထန် ကြိုးစားရလိမ့်မည်ဖြစ်ကြောင်းလည်း အီတိုးက ဂုဏ်ယူဝင့်ကြွား၍ ပြောကြားလိုက်သည်။

၁၀ဂိုးသွင်း

အီတိုးသည် ယခုနှစ် စပိန်လာလီဂါတွင် ဒဏ်ရာရထားသဖြင့် ကာလကြာရှည်စွာ အနားယူနေရသော်လည်း ၁၀ ဂိုး သွင်းယူထားသည်။

သို့သော် ဆီဗီလာမှ ဖရက်ဒီကနူးတေးသည် စပိန်လာလီဂါတွင် ထိပ်တန်းဂိုးသွင်းသူ ဖြစ်လာနိုင်သည်။ ၎င်းသည် ယခုနှစ် စပိန်လာလီဂါတွင် ဆီဗီလာအသင်းအတွက် ၁၉ ဂိုး သွင်းယူထားသည်။ ရီးရဲမက်ဒရစ်မှ နစ္စတယ်ရွိုင်းသည် စပိန်လာလီဂါတွင် ဂိုးအများဆုံးဖြင့် ဂိုး ၂၀ သွင်းယူထားသည်။

(အင်တာနက်)

ဖာဂူဆန်

မန်ယူနည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ–အင်တာနက်)

ချန်ပီယံလိဂ်ဗိုလ်လုပွဲ အေစီမီလန်အသင်းဗိုလ်စွဲမည် မန်ယူနည်းပြဖာဂူဆန် ဟောကိန်းထုတ်

လန်ဒန် မေ ၉

လာမည့် မေ ၂၃ ရက်တွင် အေသင်မြို့၌ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် လီဗာပူးတို့ အေစီမီလန်ကိုနိုင်ရန် အခွင့်အလမ်းမရှိကြောင်း မန်ချက်စတာယူနိုက်တက်အသင်း မန်နေဂျာဖာဂူဆန်က ဟောကိန်းထုတ်ပြောကြားလိုက်သည်။

ထောက်ခံ

အေစီမီလန်အသင်းသည် အကြိုဗိုလ်လုပွဲတွင် မန်ယူကို နိုင်ပြီး ၂၀၀၅ခုနှစ်က ဗိုလ်လုပွဲတွင် ပယ်နယ်တီဖြင့် အနိုင်ရသွားသော လီဗာပူးအသင်းနှင့် ဗိုလ်လုပွဲတွင် ပြန်လည်ဆုံတွေ့မည်ဖြစ်သည်။

အေစီမီလန်အသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဗိုလ်စွဲလိမ့်မည် ဖြစ်ကြောင်း၊ ယင်းမှာ လုံးဝသေချာကြောင်း ဖာဂူဆန်က ဆန်းသတင်းစာသို့ ပြောကြားလိုက်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အေစီမီလန်အသင်းကို ယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့ကြောင်းလည်း ဖာဂူဆန်က ဝန်ခံ ပြောကြားလိုက်သည်။ ချန်ပီယံလိဂ် ဒုတိယအကျော့ ပြိုင်ပွဲတွင် မန်ယူတို့ အေစီမီလန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆွတ်ခူး

သို့ရာတွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ပြီးခဲ့သော သီတင်းပတ်ကုန်က ပရီမီယာလိဂ်ဖလားရရှိရေး ကြိုးပမ်းမှုမှ ပင်ပန်းနွမ်းနယ်နေသော်လည်း ၂၀၀၃ ခုနှစ် နောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

(အင်တာနက်)

မန်စီးတီးအသင်း ဂျိုးဘာတန်ကိုရောင်းမည်

လန်ဒန် မေ ၉

မန်စီးတီးအသင်းက ဂျိုးဘာတန်ကို ပေါင် ၅ဒသမ၅သန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့် ဝီလီမက်ကေးက ပြောကြားလိုက်သည်။

အသက်(၂၄)နှစ်ရှိ ဘာတန်သည် ကစားဖော်ဒါဘိုနှင့် စကားများရန်ဖြစ်ထားသဖြင့် မန်စီးတီးက လက်ကျန်ပွဲကစားရန် ဆိုင်းငံ့ထားသည်။ မန်စီးတီးက ပေါင်၅ဒသမ၅သန်းရလျှင် ရောင်းချလိမ့်မည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ အမှတ်(၆၅)၊ ဓေယျာလမ်း၊ နဝရတ်ရိပ်သာနေ ဦးတင်မျိုးလွင်(နဝရတ်ပဲခွဲစက်)-ဒေါ်တင်မာဆွေ(ရတနာပဲခွဲစက်)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးစည်သူဟိန်း

B.C.Sc(D.S.A), M.C.Sc(MEPHI)

နှင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသိန်းလွင်-ဒေါ်နွဲ့နွဲ့ဟန်တို့၏ သမီးထွေး

မဇင်နွယ်လွင်(ခ)တူးတူး B.A(Law)

တို့အား

နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူညီချက်အရ ၂၄-၄-၂၀၀၇ရက်တွင် ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးစည်သူဟိန်း-မဇင်နွယ်လွင်

မိဘအမည်မှန်

ထောက်ကြန့်မြို့ အမက(၂၇) ပဉ္စမတန်း(က)မှ မခင်ပြည့်ပြည့်လွင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်၁၄/ဝခမ(နိုင်) ဝ၄၆ဝ၁၆နှင့် မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ဝေ ၁၄/ဝခမ(နိုင်) ဝ၄၅၉၈၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

မြိတ်မြို့ အထက(၁)နဝမတန်းမှ ဦးအေးဟန်၏သမီး မဝေဝေဖြိုးအား မသီဂီစံဟု ပြောင်းလဲခေါ်ပါရန်။

မသီဂီစံ။

Technical Service Co., Ltd.

၁။ ဆေးဝါးကျွမ်းကျင်အကူသင်တန်းသား (၅ဝ)၊ သူနာပြုအကူသင်တန်းသား (၅ဝ) လက်ခံမည်။
၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(ခ) ဆေးဆိုင်ဖွင့်မည့်သူများကို အစအဆုံး ကူညီပေးမည်။
(ဂ) ပြည်တွင်း၊ ပြည်ပ အခြေစိုက်ရုံးခွဲများဖွင့်၍ အလုပ်အကိုင်ရရှိရန် ကုမ္ပဏီမှဆောင်ရွက်ပေးမည်။
၃။ လျှောက်လွှာများကို နီးစပ်ရာ အောင်စကြာကုမ္ပဏီများ(ရန်ကုန်၊မြေနီကုန်း၊ မန္တလေး၊ မုံရွာ၊ ပြည်၊ မော်လမြိုင်၊ လှိုင်ကော်၊ ပုသိမ်၊ မကွေး၊ လားရှိုး၊ ဘိုကလေး)မြို့များသို့ ၁၁-၅-၂၀၀၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

သင်တန်းဖွင့်မည့်နေ့ရက် - မေ ၁၂ရက်၊ ၁၄ရက်၊ ၂၀၀၇။
သင်တန်းကာလ - သုံးလ (လျှောက်လွှာများလာရောက်ဝယ်ယူနိုင်သည်)

ရန်ကုန်ရုံးချုပ် - အမှတ် ၁၂၂၊ တတိယထပ်၊ ၃၈လမ်း(အောက်)၊ ကျောက်တံတား၊ ဖုန်း-ဝ၁-၃၉၁၁၆၂၊ ဝ၁-၃၇၆ဝ၇၃၊ ဝ၉၅-၁၅၈၆၃၈၊ ဝ၉၉၉-၇၂ဝ၈၉။ E-mail: aungsinkyar @ mail4u.com.mm
မြေနီကုန်းရုံးခွဲ - အမှတ် ၂၅၁၊စတုတ္ထထပ်(ယာ)၊ 119စတိုးအပေါ်ထပ်၊ ဂမုန်းပွင့်ကုန်တိုက်ဘေး၊ဗားကရာလမ်း၊စမ်းချောင်းမြို့နယ်၊ (ဓာတ်လှေကားပါ)၊ ဖုန်း-ဝ၁-၃၉၁၁၆၂၊ ဝ၁-၃၇၆ဝ၇၃၊ ဝ၉၅-၁၅၈၆၃၈၊ ဝ၉၉၉-၇၂ဝ၈၉။
မန္တလေးရုံးခွဲ - အမှတ် ၅၈၈/A၊ လမ်း-၈ဝ၊ ၃၅ X ၃၆ လမ်းကြား၊ ဖုန်း-ဝ၂-၂၅၇၆၆၊ ဝ၉-၂ဝဝ-၄၆၈၈။
မုံရွာရုံးခွဲ - အမှတ် ၄၅၊ ကျောက်ကာလမ်းမြောက်ဘက်၊ ပေ ၈ဝ လမ်း၊ အရှေ့ဘက်၊ သလ္လာ(၅)ရပ်ကွက်၊ ဖုန်း-ဝ၉-၅၁၄၇၄၇၂။
ပြည်ရုံးခွဲ - အမှတ် ၈၁၉၊ ဗိုလ်ချုပ်လမ်း၊ သာသနာ့ဗိမာန်ရှေ့၊ ဆံတော်ရပ်ကွက်၊ ဖုန်း-ဝ၅၃-၂၅၃ဝ၆။
မော်လမြိုင်ရုံးခွဲ - အမှတ် A/၆၊ ရွှေစံပယ်အိမ်ရာ၊ မြိုင်ရတနာဈေးကြီးရှေ့၊ '၇'ကားဂိတ်အနီး၊ ဖက်တန်းနယ်မြေ၊ ဖုန်း-ဝ၉-၅၃၂-၂၂၄ဝ။
လှိုင်ကော်ရုံးခွဲ - အမှတ် ၂၉၃၊ထေးသ/မရိပ်သာ၊ ချိကယ်၊ လှိုင်ကော်မြို့၊ ဖုန်း-ဝ၈၃-၂၁၃၇၆ (ဖယ်ခံ)။
ပုသိမ်ရုံးခွဲ - အမှတ် ၄၃/A၊ ရှင်ပင်ဘုန်းပွင့်လမ်းနှင့် မရမ်းချိုလမ်းဆုံ၊ လမင်းဆေးခန်းအနီး၊ ဖုန်း-ဝ၉-၅၂ဝ၂၆၇၉၊
မကွေးရုံးခွဲ - အမှတ် ၁၅၊ မဲထီးလမ်း၊ ဈေးရပ်၊ မကွေးမြို့၊ ဖုန်း-ဝ၉၅-၃၄၂၃၄၂။
လားရှိုးရုံးခွဲ - သုခလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ကြက်တောင်ကွင်းအနီး၊ ရပ်ကွက်(၆)၊ လားရှိုးမြို့၊ ဖုန်း-ဝ၉-၅၁၈၉ဝဝ၇။
ဘိုကလေးရုံးခွဲ - အမှတ် ၁၄၂၊ ဗိုလ်တေဇ ဒုတိယလမ်း၊ (၁)ရပ်ကွက်၊ ဘိုကလေး၊ ဖုန်း-ဝ၉-၂ဝဝ-၄၆၈၈၊ ဝ၁-၃၉၁၁၆၂၊ ဝ၁-၃၇၆ဝ၇၃။



အခြေခံစည်းရုံးရေးသင်တန်းဆင်း

ရန်ကုန် မေ ၉

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၁) သင်တန်းဆင်းပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ တာမွေမြို့နယ်စည်ပင်သာယာရေး ကော်မတီ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်း တာဝန်ခံ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းမော်နှင့် သင်တန်းကြီးကြပ်မှု ကော်မတီဝင်များ၊ သင်တန်း နည်းပြဆရာများ၊ ရပ်ကွက် စည်းရုံးရေးမှူးများနှင့် သင်တန်းသားအနေးယာဉ်လုပ်သား ၅၁ ဦးတို့ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း **(အပေါ်ပုံ)**တို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး သင်တန်းတွင် ပထမဆုရ ကသ-၁ ဦးကြီးမြင့်၊ ဒုတိယဆုရ ကသ-၅ ဦးအောင်ဝေနှင့် တတိယဆုရ ကသ-၄၂ ဦးမောင်မောင်တို့အား ရန်ကုန်တိုင်း အလုပ်အမှုဆောင် ဦးတင်လှိုင်၊ အရှေ့ပိုင်းခရိုင်အလုပ်အမှုဆောင် ဦးစန်းမောင်နှင့် မြို့နယ်ဥက္ကဋ္ဌဦးစိန်မောင်ဝင်းတို့က ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မီးလောင်သတင်း

နေပြည်တော် မေ ၉

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက် မြို့မဈေးအနီး ဗိုလ်မင်းခေါင်လမ်း၌ မေ၆ရက်တွင် ကုန်ခြောက်ဆိုင်မှ မီးစတင်လောင် ကျွမ်းခဲ့ရာ ဆိုင်ခန်း၁၄ခန်း မီးလောင် ဆုံးရှုံးခဲ့သည်။

ချင်းပြည်နယ် ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်၌ မေ၇ရက်တွင် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမည်ပြောင်း

အဖ ဦးကျော်ဦး၏ သမီး အလက (၆)၊ လှိုင်၊ အဋ္ဌမတန်းမှ မယွန်းခင်ခင်အား မနှင်းတိုးဝေဟုလည်းကောင်း၊ သား အလက(၆) လှိုင် ဆဋ္ဌမတန်းမှ မောင်ကောင်းဆက်လှိုင်အား မောင်ခန့်လင်းသော်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်တင်တင်အောင် ၁၂/တမန(နိုင်) ဝဝ၈၈၁၉ / L/RGN-ဝ၄ဝ၆၅၉၏ ရောင်စုံလိုင်စင်ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မူရင်းနှင့် သန်းခေါင်စာရင်းမိတ္တူတို့ထည့်ထားသည့် ဖိုင်တစ်ဖိုင်သည် ၇-၅-၂၀၀၇ရက်က ဆေးခန်းအသွားတွင် ပျောက်ဆုံးသွားပါသဖြင့် ၎င်းဓာတ်ပုံနှင့်စာရွက်စာတမ်းများကို အသုံးပြု၍ မမှန်မကန်ဆောင်ရွက်မှုများရှိပါက ကျွန်မနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်အောင်။

ကားရောင်းမည်

ကက/၉၁ မော်ဒယ် CARINA ဆလွန်း ALL Power မှန်ကာလာ၊ ဓာတ်ဆီ၊ အခွန်ကျေ။

ဖုန်း-၂၁၁၂၃၃၊ Ex ၂၂၇·

အမည်ပြောင်း

ထခွဲ၊ အလက(၃) လှိုင်သာယာ ပဥ္စမတန်းမှ အဖ ဦးအောင်ကျော်သန်း၏သား မောင်လျှံထက်အောင်အား မောင်ဝေလျှံဘုန်းပြည့်ဟု ခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ်၅က/၁၃၉၂၏ အခွန်ကျေ ပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။ **ဦးမြင့်အောင်၊ ဖုန်း-၂၉၁၆ဝဝ။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မော်တော်ယာဉ် အမှတ် ၄က/၃၁ဝ၃၏ မော်တော်ယာဉ် အခွန်ကျေပုံစံ(၁) အစိမ်းမူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။ **ဦးစိုးဝင်း ၇/ဝမန(နိုင်)ဝ၇၂၉၄ဝ။**

ကျေးဇူးဆပ်ပါမည်

အရှင်ဩစိတ္တာ၏ နိုင်ငံကူး လက်မှတ် အမှတ်-၆၄၇၄၂၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း ဝ၁-၆၆၄၄ဝ၉ သို့ အကြောင်းကြားပေးပါ။

သင့်သွေးဖြင့် အသက်ကယ်ပါ

အင်္ဂလိပ်စာစွမ်းရည်နှင့် စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၉

STI Education၏ ရည်ရွယ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ရေးအတွက် အင်္ဂလိပ်စာပြောဆိုဆက်သွယ်မှုစွမ်းရည် Certificate in English Communication Skills (CECS)အလုပ်ရုံဆွေးနွေးပွဲကို မေ၁၁ရက်(သောကြာနေ့) မွန်းလွဲ၁နာရီတွင် STI သင်တန်းကျောင်းတည်ရှိရာ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ဝါရင့် ပြည်ပဆရာဆရာမများက ဆွေးနွေးကြမည်ဖြစ်သည်။ (CECS) Certificate ကို London Teacher Training College (UK)က ချီးမြှင့်မည်ဖြစ်သည်။

သင်ကြားပြသ

အလုပ်ရုံ ဆွေးနွေးပွဲတွင် တက်ရောက် ကြသူများ၏ အင်္ဂလိပ်စာစွမ်းရည်ကို ဖော်ထုတ်ပေးမည့်အပြင် ၎င်းတို့နှင့် ကိုက်ညီမည့် အင်္ဂလိပ်စာ စွမ်းရည်သက်ဝင်လှုပ်ရှားပုံကို ပြည်ပဝါရင့်ဆရာများက တစ်ဦးချင်း သင်ကြားပေးမည်ဖြစ်သည်။ တက်ရောက်လာသူများ၏ ပုံမှန်စာဖတ်နှုန်းထက် သုံးဆ ပိုမိုနားလည်သဘောပေါက်ရန် စာအမြန်ဖတ်နည်းတို့ကို ပြည်ပအတွေ့အကြုံရှိ ဆရာ ဆရာမများက သင်ကြားပြသပေးမည်ဖြစ်သည်။

ထို့ပြင် STI Education သည် ဈေးကွက်စီးပွားရေး၏ အဓိက အခန်းကဏ္ဍဖြစ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်ပေးလျက်ရှိသည်။ နိုင်ငံတကာ အသိအမှတ်ပြု Logistics စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာသင်တန်း (Diploma in Logistics Management)သည် စီးပွားရေးလုပ်ငန်းတစ်ခုလုံး၏ စီမံရေး၊ ဝယ်ယူရေး၊ ပို့ဆောင်ရေး၊ ကုန်ချောထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေး၊ သိုလှောင်ရေး၊ သတင်း၊ ငွေကြေးနှင့် ကုန်စည်စီးဆင်းမှုများကို လိုအပ်သည့် အချိန်/နေရာတွင် လိုအပ်သည့် Products & Services များကို ထိထိမိမိ လျင်မြန်လွယ်ကူစွာ ပြုလုပ်ပေးသည့် အတတ်ပညာဖြစ်သည်။

လက်တွေ့လုပ်ဆောင်နေ

DLMတွင် လေ့လာဆည်းပူးရမည့် ဘာသာရပ်များမှာ Logistics Prin-ciples and Practices, Cost Account & Finance, Operations Man-agement, E-Commerce & E-Business Operations နှင့် War-ehouse Operations & Distri-bution Management တို့ဖြစ်သည်။ ယင်း ဘာသာရပ်များသည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လက်တွေ့လုပ်ဆောင်နေသည့် Supervisor များ၊ Manager များနှင့် Director များအတွက် အထောက်အကူပြုမည့် အတတ်ပညာဖြစ်သည်။

နိုင်ငံတကာ အသိအမှတ်ပြု Logistics စီမံခန့်ခွဲမှု ဆိုင်ရာ ဒီပလိုမာ သင်တန်းပြီးဆုံးပါက Association of Manager and Administrators, UK နှင့် Queensfield Business School, Singaporeမှ ဒီပလိုမာကို ရရှိမည်ဖြစ်သည်။

အခမဲ့တက်ရောက်နိုင်

ယင်းဘာသာရပ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို STI ကျောင်းတည်ရှိရာ အခန်း(၃) အဆောင်(၇)နှင့် အခန်း(၇) အဆောင်(၄) မြန်မာအင်ဖိုတက် အဆောက်အအုံ လှိုင်တက္ကသိုလ် နယ်မြေ၌ မေ၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဖော်ပြပါ ဆွေးနွေးပွဲနှင့် မေ၁၁ရက်တွင် ကျင်းပမည့် အင်္ဂလိပ်စာစွမ်းရည်ဆိုင်ရာ ဆွေးနွေးပွဲများသို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက် ရောက်နိုင်ပြီး ဖုန်း-၅ဝ၇ဝ၄၆၊ ၅ဝ၇ဝ၄၈၊ ၅ဝ၇၁၅၁ နှင့် ၅ဝ၇၁၅၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

ကော့သောင်းခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့၊ ဘေးမဲ့လွှတ်ပွဲကျင်းပ

ကော့သောင်း မေ ၃

ကော့သောင်းခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ရက်က သာသနာ့ဗိမာန်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမင်းအေးလွင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော့သောင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်မြနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ယောဂီအဖွဲ့ဝင်များနှင့် အဘိုး၊ အဘွားများ တက်ရောက်ကြသည်။

ဘေးမဲ့လွှတ်

အခမ်းအနားတွင် အဘိုး၊ အဘွား ၅၀ကို လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး**(ယာပုံ)** မြို့မတံတား၌ ဇီဝိတဒါနအဖြစ် ငါး၊ ကဏန်း၊ ပုစွန်များအပါအဝင် အကောင် ၅၀၀၀ ကျော်ကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှုကို ဧပြီ ၂၉ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူလတန်းပြဆရာများ မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် စီမံချက် ရှင်းလင်း

သီပေါ မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန မူလတန်းပြဆရာများ မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၁၀နာရီက အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကား ပြောကြားပြီး **(ယာပုံ)** မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက မြို့နယ်အဆင့် နည်းပြသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်စီမံချက်ကို ရှင်းလင်းပြောကြားသည်။

ရက်သတ္တလေးပတ်ကြာ

အဆိုပါသင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ မူလတန်းပြဆရာ၊ ဆရာမ ၁၇၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယဉ်ကျေးမှုသင်တန်း မတ္တရာ၌ ဖွင့်လှစ် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများဆက်ကပ်

မတ္တရာ ဧပြီ ၁၅

မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာအုပ်စု ချောင်းပေါက်ကျေးရွာရှိ သာသနာ့ဝိပုလကာရီကျောင်းတိုက်၌ တတိယအကြိမ်မြောက် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၁၀နာရီက ကျင်းပသည်။

သြဝါဒကထာ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ပူဇော်ကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ကောဝိဒ(ပါဠိပါရဂူ)ထံမှ သြဝါဒကထာနှင့် ငါးပါးသီလကို တပည့်ဒါယကာ၊ ဒါယိကာမတို့က ခံယူဆောက်တည်ကြသည်။

ထို့နောက် ချောင်းပေါက်သာသနာ့ဝိပုလကာရီကျောင်း သင်တန်းနာယကဆရာတော် ဘဒ္ဒန္တဝါသဝက သြဝါဒစကား မြွက်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထား တင်ပြသည်။

ဆက်ကပ်ပူဇော်

ဆက်လက်၍ ယဉ်ကျေးမှုသင်တန်းသူ၊ သင်တန်းသားများက ယဉ်ကျေးမှုဆိုင်ရာ ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးသောင်းညွန့်နှင့်အဖွဲ့ဝင်များက ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် မုဒုံမြို့နယ် ဘိုးဘွားရိပ်သာအတွက် ဧပြီ ၂၈ရက်က ခေတ္တ ကိုရီးယားသမ္မတနိုင်ငံရောက် လူငယ်များ (မုဒုံမြို့နယ်) မိသားစုများ ကိုယ်စား မုဒုံမြို့နေ ဦးဘမော်က ငွေကျပ်ကိုးသိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကော်မတီဝင် မြို့နယ်စာရင်းရုံးဦးစီးအရာရှိ ဒေါ်မြင့်မြင့်စိုးက လက်ခံယူစဉ်။

(ဘိုးဘွား ရိပ်သာ)

စစ်တွေ အသက်မွေးမှုပညာ လေ့ကျင့်ရေး သင်တန်းကျောင်း ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်

စစ်တွေ ဧပြီ ၁၅

စစ်တွေအသက်မွေးမှုပညာလေ့ကျင့်ရေးသင်တန်းကျောင်းကို ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသို့ လွှဲအပ်ပွဲ အခမ်းအနားကို မတ် ၂၁ရက် နံနက် ၈နာရီက အသက်မွေးမှုပညာ လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းတက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက်ဘီအေဂျေမှ ယာယီကိုယ်စားလှယ် Ms. AKIKO-MORI နှင့် လေ့ကျင့်ရေးသင်တန်း ကျောင်းအုပ်ချုပ်ရေးမှူးဦးအောင်သန်းတို့က ရှင်းလင်းတင်ပြကြပြီး စစ်တွေ အသက်မွေးမှု ပညာလေ့ကျင့်ရေးသင်တန်းကျောင်းကိုပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသို့ လွှဲပြောင်း ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဧပြီ ၁၀ ရက်က ကျင်းပသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအတွက် ဝတ်စုံများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် အမျိုးသားဝန်ထမ်း ၁၅ ဦးအတွက် ငွေကျပ် ၂၁၀၀၀၀တန် ဝတ်စုံများနှင့် အမျိုးသမီးဝန်ထမ်း ၁၈ဦးတို့အတွက် ငွေကျပ် ၁၂၆၀၀၀တန် ဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက ပေးအပ်ချီးမြှင့်ရာ အမျိုးသမီးဝန်ထမ်းများကိုယ်စား ဒေါ်သန်းသန်းဆင့်က လက်ခံယူစဉ်။ (၀၄၈)

ခမောက်စု အထက်ကျောင်းခွဲ ယဉ်ကျေးမှုသင်တန်းဖွင့်

လေးမျက်နှာ ဧပြီ ၂၀

လေးမျက်နှာမြို့ ခမောက်စုရိပ်သာမြိုင်ကျောင်း အဘိဓမ္မာပြန့်ပွားရေးအသင်းနှင့် ခမောက်စု အခြေခံပညာအထက်တန်းကျောင်းခွဲ ဗုဒ္ဓဘာသာအသင်းတို့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးမှုသင်တန်းကို မတ် ၂၅ရက်က ဖွင့်လှစ်ရာ ကျောင်းသား၊ ကျောင်းသူ ၄၈၆ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ ယဉ်ကျေးမှု သင်တန်းဖွင့်လှစ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဝေက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၁၆၁)

မန္တလေး အောင်မြေသာစံ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ သီရိမာလာအရှေ့ရပ်ကွက် ကိုယ်ဝန်ဆောင် မိခင်များအား အိမ်အရောက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(၁၆၂)

ဖခင်ဦးဘဟုန်–မိခင် ဒေါ်သိန်းမြင့်တို့အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၁ လမ်း အမှတ် (၆၅) ငါးလွှာနေ သား သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက်

အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ထီးချိုင့်၌ကျင်းပ

ထီးချိုင့် မေ ၂၂

ကသာခရိုင် ထီးချိုင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ စုပေါင်းပြီး နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို မတ်၂၆ရက် နံနက် ၉နာရီက ထီးချိုင့်မြို့ အမှတ် (၂)ရပ်ကွက် အထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးနှင့် အမှုဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့ပေါ် ငါးရပ်ကွက်မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဌာနာလမ်း အမှတ် (၈၆)နေ ဦးဌေးအောင်–ဒေါ်ခင်လှနှင့် သားသမီးများဖြစ်ကြသော မောင်ညီလေးမောင်၊ မခင်ဇာနည်လင်း၊ မောင်နေလင်းအောင်၊ မထူးထူးအောင်၊ မခင်ဝင်းနီအောင် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဟသ်ာတ၌ဆွေးနွေး ငွေပဒေသာပင်စိုက်ထူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

ဟသ်ာတ မေ ၂၅

ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ရှင်းလင်းဆွေးနွေးပွဲနှင့် ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဆွေးနွေးဟောပြောပွဲကို မေ ၇ ရက် မွန်းလွဲ ၂ နာရီက ဟသ်ာတမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ရှင်းလင်းဆွေးနွေးပြီး **(ယာပုံ)** မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ညွန့်၊ ရပ်/သံကျွမ်းကျင်(၃) ဒေါ်အေးအေးမာတို့က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ စာကြည့်တိုက်များ မှတ်ပုံတင်ရေး၊ စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျိုက်ထီးရိုးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ မတ် ၂၇ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သြဝါဒခံယူပွဲနှင့် စာအောင်သံဃာတော်များ ဆုဆက်ကပ် ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းပွဲ ဂန့်ဂေါ၌ကျင်းပ

ဂန့်ဂေါ မေ ၆

မကွေးတိုင်း ဂန့်ဂေါမြို့နယ် အညာတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေးကြိမ်မြောက် သံဃသြဝါဒခံယူပွဲ၊ စာအောင်သံဃာတော်များ ဆုချီးမြှင့်ဆက်ကပ်ပွဲ၊ စာသင်သံဃာတော်များအား ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းပွဲတို့ကို မေ ၃၀ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါမြို့နယ် မင်းရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာတို့မှ ဓမ္မာစရိယအောင် တစ်ပါး၊ အလတ်တန်းအောင် တစ်ပါး၊ အငယ်တန်းအောင် နှစ်ပါးတို့နှင့် နိုင်ငံခြားပညာတော်သင် (သီရိလင်္ကာ) တစ်ပါးတို့အား ဆုများဆက်ကပ်လှူဒါန်း၍ စာသင်သံဃာတော် ၂၃ပါးတို့အား ပညာသင်စရိတ်များ ထောက်ပံ့လှူဒါန်းကြသည်။

ဂန့်ဂေါမြို့နယ် မင်းရွာဒေသ သံဃာတော်များကကြီးမှူး၍ စာအောင်ဆုချီးမြှင့်ရေးနှင့် ပညာသင်စရိတ်ထောက်ပံ့ရေးအဖွဲ့ကို ၂၀၀၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ကာ ဆုချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းခြင်းတို့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ (၂၇၃)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ်၁၁ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က ကျောင်းသူ မနှင်းရတနာထွန်းအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်စဉ်။ (၃၉၄)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုကို မေ ၂၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဓာတ်တိုက်လေ့ကျင့် ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၁၁ ရက်
၁၁–၅–၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေငန်ကကတစ်ငါး သားဖောက်နည်း)
၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ကြာပင်)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ဘဲဥဖူးစာ)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီ တေးပန်းချီ
(၁) နွေထဲကထွက်ပြေးချင်ပြီ (ညိုမြလေး)
(၂) မေ့ရင်ထဲမှာနွေ (ယဉ်ယဉ်အောင်)
(၃) နှုတ်ဆက်မယ်နွေ (ထူးအိမ်သင်)
၁၇:၃၀ မေတို့ရေးရာသိမှတ်စရာ (ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်တင်တင်ဝင်းနှင့် ဆွေးနွေးခန်း)
၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဓာတ်လမ်း (နွေကိုမြတ်နိုးသည်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး–မောင်ဆုရှင်)
၁၉:၁၅ နှောင်းခေတ်ကြေးမုံဓာတ်လမ်းစုံ (ခံလိုက်ရလေတယ်)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နွေသစ်ကိုင်းလေး အခက်မဝေ (တက္ကသိုလ်နီနီမာ)
(၂) တစ်ခြမ်းကအိပ်မက် တစ်ဝက်ကပုံပြင် (ကိုတင်ကိုး)
(၃) လွမ်းရိပ်ဝေသောညများ (နီနီ)

လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူကြောင်း

ဦးမြတ်ဦး(နာယက လှိုင်သာယာမြို့နယ်အသင်း) အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးများကိုယ်စားလှယ်
ဇဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ နာယက ကဏန်းလုပ်ငန်းရှင်များအသင်း

[illegible]

လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူကြောင်း

ဦးမြတ်ဦး(နာယက လှိုင်သာယာမြို့နယ်အသင်း) အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးများ ကိုယ်စားလှယ်
ဇဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ နာယက ကဏန်းလုပ်ငန်းရှင်များအသင်း

[illegible] (LP Star) [illegible]

အမည်မှန်

အဖ ဦးအားနှ၏ သားဖြစ်သူ တာချီလိတ်မြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်အားဓောင်း၏ အမည်မှန်မှာ မောင်အားရန်ဖြစ်ပါကြောင်း။

မောင်အားရန်။

အမည်မှန်

ကျိုင်းတုံမြို့ အထက(၁) ဆဋ္ဌမတန်း(ခ)နေ မောင်စိုင်းမောင်၏ အမည်မှန်မှာ စိုင်းထွန်းမောင်ဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးမြင့်သန်းအောင်နှင့်ဒေါ်နန်းခမ်းအေး ဖြစ်ပါကြောင်း။

အမည်မှန်

အဖ ဦးသိန်းဌေး ၁၂/မဂဒ(နိုင်) ၀၄၅၀၇၀၏ သားဖြစ်သူ အထက (၁) မင်္ဂလာဒုံ ကျောင်းဝင်အမှတ်-၃၃၁/၀၀၏ အမည်မှန်မှာ မောင်သော်တာအောင်ဖြစ်ပါကြောင်း။

မောင်သော်တာအောင်။

အမည်ပြောင်း

ဦးမိုးလှ၏သား ရွှေမြင်တင်အထက သတ္တမတန်း(A)အောင်မှ မောင်ပိုင်မိုးဝေအား မောင်မင်းသန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသန့်ကျော်။

အမည်ပြောင်း

မအူပင်မြို့နေ အဖ ဦးတင်လေး၏ သားမောင်စိုးသူထွန်း ၁၄/မအပ (နိုင်) ၁၇၅၁၉၁ အား ယနေ့မှစ၍ မောင်စည်သူထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စည်သူထွန်း။

ဖြိုး ဝင်ခွင့်သင်တန်း

ဇဟုသုတ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဥပဒေ
၃၀၊ ၅လွှာ (ဒဂုံစင်တာအနီး)၊ ရတနာလမ်း၊ မြေနီကုန်း၊ ရန်ကုန်။ **ဖုန်း-၀၉-၈၀၂၂၈၇၈။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေ အမိန့်-၅၊ နည်း-၂၀)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်- ၇

၁။ ဦးစောမူးရာပေါလ် — ဦးထွန်းစိန်
၂။ ဒေါ်နော်ဆာအယ် — **နှင့်**
တရားလိုများ — **တရားပြိုင်**

တရားပြိုင် ဦးထွန်းစိန် အမှတ်-၅၊ ဦးကျော်ဒွန်းဇံ(၁)လမ်း ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့နေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် မေလ ၃၁ရက် နောက်ဆုံးထား၍ (၁၃၆၉ခုနှစ် နယုန်လပြည့်ကျော်၁ရက်နေ့) မွန်းမတည့်မီ၁၀နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်စေရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်စေရမည်။

၂၀၀၇ ခုနှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးမင်းသော်ထွေး
ဒုတိယမြို့နယ်တရားသူကြီး(၂)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး။

မြင့်မိုရ်ချမ်း

သူနာပြုအကူနှင့် အခြေခံဆေးဝါးသင်တန်း

ဝါရင့်ကျွမ်းကျင်သော ဆရာများထားရှိခြင်း။
လူနာပြုစုခြင်းကို လက်တွေ့လေ့ကျင့်စေခြင်း။
ဆေးဆိုင်ဖွင့်မည့်သူများအတွက် ဈေးကွက်ဖွင့်ပညာကိုသင်ကြားပေးခြင်း။
သင်တန်းကြေးသင့်တင့်ခြင်း။

အမှတ်(၁၂)၊ ဒုတိယထပ်၊ သုခမိန်လမ်း၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း-၅၀၀၇၂၁။



ကားရောင်းမည်

Sunny Pick-up နံပါတ် နှ/၇ထောင်ကျော်၊ 84 Model ဆေး၊ Body အသစ်၊ ပွဲစားမလိုပါ။
ဖုန်း-၅၇၉၄၀၄၊ ၀၉-၅၁ ၃၇၉၄၉။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/ ၃၉၄၈၆ Yamaha DT 125 R မော်တော်ယာဉ်လက်ဝယ်ရှိသူ အမည် ဦးစိုင်းစိုးမြင့် မှတ်ပုံတင်အမှတ် ၁/မကန(နိုင်)၀၉၀၁၁၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။**

အမည်ပြောင်း

မြစ်ကြီးနားမြို့ အလက (၃) ဆဋ္ဌမတန်း(A)မှ အဖ ဦးဆာရင်ဒါပါလ်ဆင်၏သမီးမဒေါ်(လ်)မားအား မရာ(ခ်)မင်ဒါကော့ဟု ပြောင်းလဲခေါ်ပါရန်။

မရာ(ခ်)မင်ဒါကော့။

အမည်ပြောင်း

ဆွမ်မပရာဘွမ်မြို့ မြို့မရပ်ကွက်နေ အဖ ဦးဂျယ်ဝါနော်၏သမီး ဒေါ်ဂျယ်ဝါထု ၁/ဆပဘ(နိုင်) ၀၀၀၇၄၄အား ဒေါ်ခင်မိုးမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

ဒေါ်ခင်မိုးမြင့်။

မီးဘေးရှောင်
မလောင်ခင်တား

လက်ခံယူ

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် မေ ၂၅ရက်က အလှူရှင် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း စက်ကွင်း အရှေ့ပိုင်းနေ ဦးဘသန်း-ဒေါ်ထွေးစိန်၊ ဦးမြင့်ဆွေ-ဒေါ်မြသိန်း မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။

(၁၆၈)

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုကို မတ်၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(၀၂၆)

10-5 (17) 1 5/9/07, 12:57 PM

ကျောင်းသုံးဖတ်စာအုပ်များ ကျောင်းသူကျောင်းသားများလက်ဝယ်သို့ ကျောင်းဖွင့်ချိန်အမီပြန့်ချိ

လက်ဆင့်ကမ်းဖြန့်ဝေသည့်စနစ်ကို ယခုထက်ပိုမိုအောင်မြင်အောင် စည်းရုံး၊ နည်းလမ်းရှာ

၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ မေလကုန်မှစတင်ရိုက်နှိပ်

နေပြည်တော် မေ ၉

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၇)ကို ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နည်းလမ်းရှာဆောင်ရွက်

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသည့် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဓိကအားဖြင့် အချက်နှစ်ချက် **စာမျက်နှာ ၈ ကော်လံ ၁ ❐**

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁/၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့် တိုင်းများရှိ သစ်တော၊ သစ်ဆိပ်နှင့် သစ်စက်များ

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဆိပ်ဖြူမြို့နယ် ချင်းသစ်ထုတ်ရေးဒေသ ကဇွန်းမသစ်ဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန် မေ ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ ရက်တွင် ကောလင်း-ပင်လည်ဘူး-ဖောင်းပြင်လမ်းအတိုင်း ပင်လည်ဘူးမြို့နယ် ကျွန်းသစ်စေ့ထုတ် ဧရိယာ ဧက ၁၀၀ ခံစားလာတောကြိုးဝိုင်းရှိ သက်ကြီးကျွန်းစိုက်ခင်း၊ မံကော်အပတောရှိ ခြံစည်းရိုးကြက်ဆူစိုက်ခင်း ၅၅ ဧက၊ ပင်လည်ဘူးမြို့ ဝါးပိုးကြိုးဝိုင်း၊ ဖောင်းပြင်မြို့နယ် နန့်ခမူကြိုးဝိုင်းအတွင်းရှိ ပေ ၂၂၁၀ မြင့်သည့် မှန်တောင်ဒေသ နန်းယွန်းကြိုးပြင် ကာကွယ်တောများသို့ သွားရောက်ပြီး သစ်တောများအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ပင်လည်ဘူးမြို့ရှိ ဇင်းသစ်ထုတ်လုပ်ရေးနယ် ဝဲလာသစ်ဆိပ်၊ ကိုးတောင်ဘို့နယ် ပေကုန်းသစ်ဆိပ်၊ ဇင်းနယ် မြေလင်းသစ်ဆိပ်နှင့် ပင်လည်ဘူးမြို့ အမှတ် (၂၄) သစ်စက်များသို့ ရောက်ရှိရာ တာဝန်ရှိသူများက သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သစ်စက်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မေ ၃ရက်တွင် ဖောင်းပြင်မြို့ မော်လိုက်အရှေ့သစ်ထုတ်လုပ်ရေးဒေသ အင်းဒေါင့်ဆွယ်သစ်ဆိပ်၊ ပန်းသာသစ်ဆိပ်၊ လောင်းကောင်းသစ်ဆိပ်၊ တွန်းပင်သစ်ဆိပ်၊ ကလေးသစ်ထုတ်လုပ်ရေးဒေသ စုန်လာမြိုင်သစ်ဆိပ်များသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက **စာမျက်နှာ ၉ ကော်လံ ၁ ■**

မြန်မာနိုင်ငံသို့ မကြာမီ မုတ်သုံဝင်ရောက်မည်

မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်း၌ မိုးရေချိန်ပြည့် ရွာသွန်းမည်

ရန်ကုန်မြို့ မိုးရေချိန်စံချိန်သစ်တင် ရွာသွန်းခဲ့

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၉

ယခုရက်ပိုင်းအတွင်း ရာသီဥတုအခြေအနေမှာ အမျိုးမျိုးပြောင်းလဲလျက်ရှိသည်။ မိုးသည်းလိုက်၊ နေပူလိုက်နှင့် မိုးအုံ့လိုက်တို့ အချိန်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိရာ လတ်တလော မြန်မာနိုင်ငံ ရာသီဥတုအခြေအနေနှင့် မကြာမီဝင်ရောက်တော့မည့် မိုးဦးကာလတွင် မည်သို့အနေအထားရှိမည်ကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား မြန်မာ့အလင်းသတင်းအဖွဲ့တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။ **စာမျက်နှာ ၉ ကော်လံ ၃ ✻**

မိုးလေဝသအခြေအနေ

(၁၀-၅-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။